The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 30 December 2023 ၁၁၃၂၅

## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဘုရင့်နောင်ပန်းခြံ အဆင့်မြှင့်တင် ဘုရင့်နောင်တံတားအောက်၌ ခေတ်မီပန်းခြံအသစ် တည်ဆောက်လျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၉

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းဆုံအနီးရှိ ဘုရင့်နောင်ပန်းခြံတိုးချဲ့အဆင့်မြှင့်တင်ခြင်းနှင့် လှိုင်မြစ်ကူး ဘုရင့်နောင်အမှတ်(၂)တံတားအောက်နှင့် အမှတ်(၁) တံတားဘေး တံတားနှစ်စင်းကြားမြေကွက်လပ်တွင် ခေတ်နှင့်လျော်ညီသော အများပြည်သူအနားယူအပန်းဖြေနိုင်မည့် ပန်းခြံနှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းကိရိယာများပါဝင်သော ခေတ်မီပန်းခြံအဖြစ်ပေါ်ထွက်လာနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



## ယနေ့ ဖတ်စရာ

ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့ အခြေအနေတွေဟာ လွတ်လပ်ရေးယူခဲ့တဲ့ ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီး ကွဲလွဲနေတုန်းပဲလို့ဆိုရင် လွန်မယ်မထင်ပါဘူး။ မြန်မာနိုင်ငံကို သူတစ်ပါးလက်အောက်က လွတ်မြောက်အောင် ကြိုးပမ်းခဲ့တာဟာ အချင်းချင်း လွတ်လွတ်လပ်လပ် တိုက်ခိုက်ကြဖို့၊ ရန်ငြိုးထားဖို့၊ သွေးကွဲကြဖို့နဲ့ သူများနဲ့ ယှဉ်ရင် နောက်ဆုံး ရောက်နေဖို့ မဟုတ်ပါ

ဆောင်းပါး

စာမျက်နှာ » ၆

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်ရတဲ့အတွက် ဘဝမှာ ပြီးပြည့်စုံမှုရှိသွားသလို ခံစားလိုက်ရပါတယ်

စာမျက်နှာ » ၉

## ဇန်နဝါရီလလယ်ထိ နေလမ်းကြောင်းတည့်မတ်မှုနှင့် အဝေးဆုံးချိန်ဖြစ်၍ အအေးဆုံးကာလဖြစ်

မန္တလေး ဒီဇင်ဘာ ၂၉

မြန်မာ့ရာသီဥတုအခြေအနေမှာ ဒီဇင်ဘာလနောက်ဆုံးအပတ်မှ ဇန်နဝါရီလလယ်အတွင်း နေလမ်းကြောင်း တည့်မတ်မှုနှင့် အဝေးဆုံးအချိန်ဖြစ်၍ အအေးဆုံးကာလဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

လာမည့် နှစ်ရက်အတွက် မန္တလေးမြို့၏ မိုးလေဝသအခြေအနေခန့်မှန်းချက်အရ အများအားဖြင့်သာယာပြီး ညအပူချိန်များမှာ ၁၄ ဒီဂရီမှ ၁၆ ဒီဂရီစင်တီဂရိတ်ဝန်းကျင်တွင် ရှိနိုင်သည်ဟု ဆိုသည်။

"ပုံမှန်အားဖြင့် ဒီဇင်ဘာလနောက်ဆုံးပတ်ကနေ ဇန်နဝါရီလလယ်လောက်ထိ နေလမ်းကြောင်းတည့်မတ်မှုနဲ့ အဝေးဆုံးဖြစ်လို့ အအေးဆုံးကာလဖြစ်ပါတယ်။ ရာသီဥတုဖြစ်စဉ်တွေကို သိသိသာသာသက်ရောက်မှုရှိတဲ့ အယ်လ်နီညိုရာသီဖြစ်စဉ်ကလည်း အီကွေတာဒေသရဲ့ ပစိဖိတ်သမုဒ္ဒရာရေပြင်မှာ ဆက်လက်အားကောင်းနေဆဲပါ"ဟု ၎င်းက ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၉

| | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၆ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၇ | ဒီဂရီစင်တီဂရိတ် |

ကြေးမုံ

# နိုင်ငံချစ်စိတ်ဖြင့် တိုင်းပြည်ကိုတည်ဆောက်

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့သည် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အချိန်မှစတင်၍ ရှေ့ဆင့်နောက်ဆင့်ဆိုသလို လွတ်လပ်ရေးရရှိလာကြသည်။ အချို့နိုင်ငံများဆိုလျှင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သော်လည်း နိုင်ငံ၏ပြည်တွင်းရေးအခြေအနေအမျိုးမျိုးတို့ကြောင့် စစ်ပြီးကာလ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုကျော်မှ လွတ်လပ်ရေးရရှိလာကြသည်။ လွတ်လပ်ရေးရရှိပြီးသည်နှင့် နိုင်ငံများသည် နိုင်ငံပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးကို အလျင်အမြန်လုပ်ဆောင်ကြသည်။

အချို့နိုင်ငံများသည် လွတ်လပ်ရေးရရှိပြီး ဆယ်စုနှစ်တစ်ခု၊ နှစ်ခုကျော်တွင် တိုင်းပြည်ကို ပြန်လည်တည်ဆောက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိလာကြသည်။ အချို့နိုင်ငံများသည် ပြည်တွင်းပဋိပက္ခများ ပြန်လည်ဖြစ်ပွားသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလှမ်းဝေးနေသည်ကို မြင်တွေ့နေရသည်။ ထိုနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်နေသည်ဟုဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မကြာမီကာလတွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယသို့ ရောက်ရှိတော့မည်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးသည်မှာ ဆယ်စုနှစ် ခုနစ်ခုမက ရှိပြီဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံမဖြစ်သေးသည်မှာ ပဋိပက္ခများကြောင့်ဟု ဆိုရမည်ဖြစ်သည်။ တစ်နည်းဆိုလျှင် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာ မတည်ဆောက်နိုင်သေးသောကြောင့်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တို့သည် တိုင်းပြည်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမျိုးမျိုးအဖုံဖုံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း တည်ဆောက်လိုက်၊ ပျက်စီးလိုက်၊ ပြန်စလိုက်ဖြစ်နေသောကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ထွန်းလာမှုရလဒ်ကောင်းများရရှိရေးအတွက် ကြာရှည်နေခြင်းဖြစ်သည်။ အကြောင်းရင်းမှာ သွေးခွဲမှု၊ သွေးကွဲမှုကြောင့် ညီညွတ်မှု၊ စည်းလုံးမှု၊ ကြိုးစားအားထုတ်မှု၊ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ မျိုးချစ်စိတ်များ ပါးလျားခေါင်းပါးနေသောကြောင့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားအချင်းချင်း သွေးမကွဲဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် လုပ်ဆောင်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ပကတိအရှိတရားအရ ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့်နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျသကဲ့သို့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည် အရေးအကြီးဆုံးနှင့်အလိုအပ်ဆုံးအရာဖြစ်သည်။

လွတ်လပ်ပြီးနိုင်ငံကို ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရန်အတွက် တပ်မတော်သည် အရေးပါသည့် အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏အစိတ်အပိုင်းဖြစ်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူလူထု၏အင်အားကို အရင်းတည်ပြီး စုစည်းညီညွတ်သည့် စုပေါင်းအားဖြင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ထိုသို့ကာကွယ်စောင့်ရှောက်ရာတွင်လည်း သမိုင်းကြောင်းသင်ခန်းစာများအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးမပြိုကွဲအောင် တိုင်းရင်းသားပြည်သူလူထုအားလုံး၏အတွေးအခေါ်၊ အသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်၊ လုပ်ဆောင်မှုအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်အပေါ် အခြေခံထားရန်လိုအပ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း (၇၆)နှစ် ရှိလာတော့မည်ဖြစ်သော်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝမရရှိသေးသည်ကို ဆင်ခြင်ရှုမြင်ပြီး တိုင်းပြည်ထာဝရငြိမ်းချမ်းရေးရရှိအောင်၊ အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်အောင် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် နိုင်ငံချစ်စိတ်ဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်းပေါ်ရှိသံကူကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါတံတားမုခ်ဦးတွင်ကျင်းပရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် တံတားဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ တံတားတည်ဆောက်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် အိုင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တံတားကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကျောက်ပန်းတောင်းလမ်းမှ အိုင့်-သနပ်အိုင့်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ်သန်း ၄၈၀ ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ၂၀၂၃ ခုနှစ် မေ ၁၅ ရက်မှစတင်၍ အရှည်ပေ ၁၅၀ ယာဉ်သွားလမ်း အကျယ်ပေ ၂၀ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ အဆိုပါတံတား Foundation အပိုင်းကို Bored Pile Foundation အမျိုးအစား၊ ကိုယ်ထည်အပိုင်းမှာ သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားခံနိုင်ဝန်ခွင့်ပြုတန်ချိန် ၃၆ တန်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၉ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၅၆ | ၄၈၇,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၅၉ | ၁၆၈,၁၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၉၃၃ | ၁,၄၉၂,၈၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂၀ | ၅၀,၀၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၇၆၁ | ၁,၄၈၄,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၄၇ | ၂၂၅,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၅၆၈ | ၉၈၁,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။**

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလပြည်လုံးကျွတ် ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



ဂေါ်ရင်ဂျီကျွန်းသဘာဝအလှ ဓာတ်ပုံ-ဦးချမ်းသာ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သောကြာနေ့စကားဝိုင်း အမှတ်စဉ် (၄၂) " ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ဆန်းစစ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန်ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၂) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အသိပညာမျှဝေ ဆွေးနွေးမည့် "ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ဆန်းစစ်လေ့လာခြင်း"ခေါင်းစဉ်သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူမြန်ဆန်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်မှုရှိသော အကြောင်းအရာပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုအနက် ရောဝတီတိုင်းဒေသကြီးသည် လူဦးရေထူထပ်ပြီး စိုက်ပျိုးမြေများစွာရှိခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပို့ကုန်များစွာ ထွက်ရှိသည့်ဒေသဖြစ်ခြင်းနှင့် အပန်းဖြေသွားလာလည်ပတ်နိုင်သည့် ကမ်းခြေများရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းနှင့် ဘက်စုံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နိုင်သဖြင့် နိုင်ငံ့စီးပွားတိုးတက်မှုအတွက် အရေးပါသောဒေသကြီးဖြစ်ပါကြောင်း၊ ထိုသို့ရောဝတီတိုင်းဒေသကြီး၏လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာခြင်း၊ သဘာဝအရင်းအမြစ်များစွာရှိခြင်း၊ လူဦးရေထူထပ်များပြားခြင်းနှင့် မြေဩဇာကောင်းမွန်သော မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်းတို့သည် ရင်းနှီးမြှုပ်နှံမှုအတွက် အားထားရသည့် အချက်များဖြစ်သဖြင့် ယနေ့ဆွေးနွေးတင်ပြမည့် ခေါင်းစဉ်ပါအကြောင်းအရာများကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကိုဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ပိုင်က "ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ဆန်းစစ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ ခရီးသွားလုပ်ငန်းများ၊ ဒေသထုတ်ကုန်အမှတ်တံဆိပ်နှင့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ အခြေအနေတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ရန်ကုန်တိုင်းဒေသကြီးမှ**

ဘုရင့်နောင်အမှတ်(၂)တံတားအောက် မြေနေရာပတ်ဝန်းကျင်တွင် ယခင်က ကျူးကျော်တဲများကြောင့် မြို့ပြအလှနှင့် တံတားနှစ်စင်း၏ ကျက်သရေကိုလည်း အနည်းငယ်ထိခိုက်မှုရှိခဲ့သည်ကို အများပြည်သူများ မြင်တွေ့ရမည်ဖြစ်သည်။ ယခုအခါ မြို့ပြ၏အလှတရားများနှင့် တံတားနှစ်စင်း၏ ဂုဏ်ကျက်သရေများကို တိုးပွားလာစေရန် အများပြည်သူနှင့် ခရီးသွားပြည်သူများ အနားယူအပန်းဖြေနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများကို အမြန်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပန်းခြံအနီး လှိုင်မြစ်နံဘေးကမ်းစပ်မှ လေကောင်းလေသန့်ရှူရှိုက်ရင်း နံနက်ခင်းရန်ကုန်ဘက်မှ ထွက်ပေါ်လာသော ရောင်နီနှင့် ညနေခင်း နေဝင်ချိန်တို့ကို ပြည်သူများ လွတ်လပ်စွာခံစားနိုင်ရန် အဆိုပါနေရာကို နောင်တွင် ဆက်လက်တည်ဆောက်သွားမည့် အစီအစဉ်များရှိကြောင်း သိရသည်။



ဆက်လက်၍ လှိုင်သာယာအရှေ့ပိုင်း(၇)ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံအား အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်မှုနှင့်စပ်လျဉ်း၍ လက်ရှိတွင် ပန်းခြံအကျယ်အဝန်းမှာ ဧရိယာ ၃ ဒသမ ၁၂ ဧကရှိပြီး ပန်းခြံနှင့် ဆက်စပ်တည်ရှိနေသော ကုက္ကို၀ ရေပေးဝေရေးစီမံကိန်းဇုန်အမှတ်(၉) မြေနေရာဧရိယာ ၁၀ ဒသမ ၈၈ ဧကအတွင်းသို့ တိုးချဲ့သွားမည်ဖြစ်သည်။ အဆိုပါမြေနေရာတွင် မြေပြုပြင်ခြင်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို လူအား၊ စက်ယန္တရားအင်အားများဖြင့် အသုံးပြုကြိုးပမ်းနေကြပြီဖြစ်သည်။ ဘုရင့်နောင်ပန်းခြံအရှေ့နှင့် ဘေးဘယ်ညာတို့တွင်ရှိသော ရေစုရေမြောင်းရှည်ကြီးကိုလည်း နွေ၊ မိုး၊ ဆောင်း သုံးရာသီအထိ သုံးစွဲနိုင်သော အုတ်ရေမြောင်းများ တည်ဆောက်ပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လှိုင်သာယာအရှေ့ပိုင်း (၄) ရပ်ကွက် ဘုရင့်နောင်တံတားအောက်ရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ပန်းခြံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ယိုးဒယားဘဲစားမြက်ခင်းနှင့် ခရေပင်များစိုက်ပျိုးနေပြီး ပန်းခြံပတ်လမ်းများကို Inter Lock လမ်းခင်းကျင်းနေကာ ပန်းခြံဘေးဆိပ်ကမ်းသာလမ်းရှိ လှိုင်မြစ်အတွင်းသို့ စီးဝင်သည့် ညောင်ချောင်းရေတံခါးနှင့် ရှမ်းချောင်းရေတံခါးတို့ကိုလည်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန်အတွက် တံတားအောက်မြေလွတ်နေရာများတွင် အားကစားကွင်းများ တည်ဆောက်ပြီးပန်းခြံမြေယာရှုခင်းအလှ ပေါ်လွင်စေရေးအတွက် တံတားတိုင်ဆေးသုတ်ခြင်း၊ မီးတိုင်များစိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-စောသိန်းဝင်း**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုခြင်းအထိမ်းအမှတ်အဖြစ် လေးလမ်းသွား ဆင်သေချောင်းတံတား(ကျောက်ချက်) ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၂၃ မိုင် ၁ ဖာလုံရှိ အရှည် ပေ ၂၁၀ လေးလမ်းသွား ဆင်သေချောင်းတံတား (ကျောက်ချက်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဗိုလ်ဗိုလ်ကျော်၊ ဦးဝင်းဖေနှင့် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်တို့က ဆင်သေချောင်းတံတား (ကျောက်ချက်) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ဆင်သေချောင်းတံတား (ကျောက်ချက်) ကမ္ပည်းမော်ကွန်းကျောက်စာ



တိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး တာဝန်ရှိသူများနှင့် အတူ အမွှေးနံ့သာရည်ပက်ဖျန်း၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ တံတားအား ဖြတ်သန်းကြည့်ရှုသည်။

ယခင် ဆင်သေချောင်းတံတား(ကျောက်ချက်)၏ တစ်လမ်းမောင်း သံပေါင်တံတားဟောင်းသည် အသုံးပြုခဲ့သည့် နှစ်ကာလကြာမြင့်ပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းလာခြင်း၊ ကုန်တင်ယာဉ်ကြီးများ၏ ဝန်အားပိုမိုလာခြင်းနှင့် နှစ်လမ်းမောင်းကားလမ်းတွင် တစ်လမ်းမောင်းသံပေါင်တံတားဖြစ်နေ၍ ယာဉ်များ သွားလာမှု ကြန့်ကြာခြင်းတို့ကြောင့် ၎င်းတံတားနေရာတွင် နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားကို အသစ်တည်ဆောက်၍ လေးလမ်းမောင်း သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၆)က ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် ယာဉ်သွားလာမှု များပြားလာသဖြင့် လက်ရှိလေးလမ်းသွားမှ ခြောက်လမ်းသွားသို့ အဆင့်မြှင့်တင်နိုင်ရေး လမ်းတာပေါင် ပေ ၉၀ အကျယ်တိုးချဲ့ခြင်း ဆောင်ရွက်ပြီးစီး၍ မိုးရာသီကာလအတွင်း လမ်းဘေးဝဲ၊ယာ၌ သစ်ပင် သုံးတန်းစိုက်ပျိုးခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆင်သေချောင်းတံတား (ကျောက်ချက်) တံတားအဝင်၊ အထွက်နေရာနှင့် ဘောဂသီရိကားဝင်းလမ်းဆုံ (Y-Junction) နေရာသည် ကုန်တင်ယာဉ်ကြီးများနှင့် မြို့တွင်းသွားလာသည့် ယာဉ်ငယ်များ၊ အနေးယာဉ်များဆုံသည့်နေရာဖြစ်သဖြင့် တံတားအသစ်တည်ဆောက်ပြီးဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးနှင့် ယာဉ်များသွားလာမှုစနစ်တကျဖြစ်စေရေး ယာဉ်ကြောများ ပြင်ဆင်သတ်မှတ်ရေးဆွဲပေးခြင်း၊ မီးပွိုင့်အသစ်များ တပ်ဆင်ပေးခြင်းတို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးထားသည့်အတွက် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ စနစ်တကျသွားလာနိုင်ပြီဖြစ်သည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဆင်သေချောင်းတံတား (ကျောက်ချက်) ၏အောက်ဘက်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယာယီရေထိန်းတမံပြုလုပ်၍ ချောင်းရေ Level ထိန်းသိမ်းခြင်းနှင့် ချောင်းဘေး ဝဲ၊ ယာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ကမ်းပါးများ သန့်ရှင်းသပ်ရပ်လှပရေး အစီအမံများလည်း ဆောင်ရွက်လျက်ရှိသဖြင့် ရေ Level ထိန်းသိမ်းထားခြင်းဖြင့် ရေထိန်းတမံ၏အထက်ဘက်ဆင်သေချောင်းတစ်လျှောက် ချောင်းဘေး ဝဲ၊ ယာရှိ လယ်မြေ၊ ယာမြေနှင့် အခြားစိုက်ပျိုးမြေများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ဒေသခံပြည်သူများအနေဖြင့် အကျိုးကျေးဇူး များစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးသို့ ဒီဇင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၈ သန်း တိုးတက်ဝင်ရောက်

**ပဲခူး ဒီဇင်ဘာ ၂၉**

တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၈/ ၂၀၂၃)ကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသစ်တိုးသည့် ကုမ္ပဏီတစ်ခု၊ လုပ်ငန်းတိုးချဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီနှစ်ခုနှင့် တည်ဆောက်ရေးကာလတိုးမြှင့်ခြင်း ကုမ္ပဏီ သုံးခုတို့၏ တင်ပြချက်များကို ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက အကြံပြုဖြည့်စွက်တင်ပြခဲ့မှုပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ၏ တင်ပြချက်များအရ ဒီဇင်ဘာလတွင် ပဲခူးတိုင်းဒေသကြီး အတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၈ သန်းနှင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်း ၂၀၀ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ၀၁၅ သန်းနှင့် မြန်မာကျပ်ငွေ ၇၅၄၅၆ ဒသမ ၂၇၅ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၁၄၈၁ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် မော်လမြိုင်ဘူတာကြီး၊ စက်ခေါင်းစက်ရုံများနှင့် သံလွင်တံတား(မော်လမြိုင်)ရှိ ရထားလမ်းကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ သွားရောက်၍ မြန်မာ့မီးရထား ထောက်ပံ့ဌာန(ရန်ကုန်)၊ မော်လမြိုင်ဘူတာကြီး၊ ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ)၊ စက်ခေါင်းပြင်စက်ရုံ(မုတ္တမ)၊ စက်ခေါင်းပြင်စက်ရုံ (မော်လမြိုင်)နှင့် ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းရှိ သံလွင်တံတား (မော်လမြိုင်) ရှိ ရထားလမ်းကြံ့ခိုင်မှုတို့ကိုစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထား ထောက်ပံ့ဌာန(ရန်ကုန်) သို့သွားရောက်၍ စတိုပစ္စည်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုပြီး သတ်မှတ်လုပ်ငန်းစဉ်အတိုင်း စတိုပစ္စည်းများကို လက်ခံထုတ်ပေးခြင်းများ ပြုလုပ်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းရှိ သံလွင်တံတား (မော်လမြိုင်)၏ ကြံ့ခိုင်မှုအခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးခဲ့ပြီး ပင်မတံတားရှိ ဆွေးမြည့်နေသည့် သစ်သားဇလီဖားများ စစ်ဆေးလဲလှယ်သွားရန် မှာကြားသည်။

**စစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် မော်လမြိုင်ဘူတာသို့သွားရောက်၍ မော်လမြိုင်မှ ရန်ကုန်သို့ ထွက်ခွာမည့် အမှတ် (၈၂) အစုန် လူစီးအမြန်ရထားကိုလည်းကောင်း၊ ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ)တွင် ကွန်ကရစ်ဇလီဖား၊ သံလမ်းထိန်းကလစ်များနှင့် ရထားလမ်းဆိုင်းဘုတ်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ စက်ခေါင်းပြင်စက်ရုံ(မုတ္တမ)နှင့် စက်ခေါင်းပြင်စက်ရုံ(မော်လမြိုင်) တို့ကို လည်းကောင်း သွားရောက်စစ်ဆေးခဲ့ပြီး စက်ခေါင်းများ ပြုပြင်ရာတွင် သတ်မှတ်ထားသည့် Schedule အတိုင်း စနစ်တကျကောင်းမွန်အောင်ပြုပြင်ရန်၊ Spare Parts များ လုံလောက်မှုရှိစေရန်နှင့် စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် သုတေသနဆောင်ရွက်ပုံနည်းလမ်းများအတိုင်း စနစ်တကျသုတေသနပြုလုပ်ခြင်းမှ တစ်ဆင့် ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်နှင့် သုတေသနတွေ့ရှိချက်များကို အခြေခံ၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲ တာဝန်ခံများ၊ မြန်နိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အွန်လိုင်းမှ တက်ရောက်ကြသည်။

**ကောက်ယူသွားမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို သိရှိနိုင်စေရန်အတွက် ပြည်တွင်းပြည်ပ ခရီးသွားစစ်တမ်းများကို ကောက်ယူမည်ဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားစစ်တမ်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ပေါင်း ၁၉ မြို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများ၊ ဝင်/ထွက်ပေါက်များ၊ မီးရထားဘူတာရုံများတွင် ကောက်ယူသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသွားစစ်တမ်းကို ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် မူဆယ်မြို့များရှိ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များတွင် ကောက်ယူသွားမည်ဖြစ်ကြောင်း။

ယခုစစ်တမ်းကောက်ယူသွားမည့် ဝန်ထမ်းများအနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သူများ ပါဝင်သကဲ့သို့ ယခုမှ စတင်ကောက်ယူမည့်သူများလည်း ပါဝင်သည့်အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သေချာလေ့လာသင်ယူပြီး အရည်အသွေးပြည့်ဝသော၊ ကိုးကားနိုင်သော ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ တွေ့ရှိချက်များရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး တိကျခိုင်မာသော စာရင်းအင်းအချက်အလက်များ ထုတ်ပြန်ကာ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် တိကျမှန်ကန်သည့် မူဝါဒ၊ ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ ခရီးသွားစစ်တမ်းကောက်ယူမှုအစီအစဉ်အရ ပြည်တွင်းခရီးသွားများကို ဒီဇင်ဘာ ၃၀ ရက်မှ စတင်ကောက်ယူသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ပန်းတနော် ဒီဇင်ဘာ ၂၉**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီက (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် မအူပင်ခရိုင် ပန်းတနော်မြို့ အလယ်ပိုင်းရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဘေးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က တက်ရောက်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့အား တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကာ တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကာ အလျား ၇၄၄ ပေ၊ အကျယ် ၁၀ ပေနှင့် ဒု ခြောက်လက်မရှိပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရန်၊ မြို့အင်္ဂါရပ်နှင့် အညီ သာယာလှပစေရန်နှင့် ရပ်ကွက်နေပြည်သူများ သွားလာမှုလွယ်ကူစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းတနော်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက် ထုတ်ယူသည့် အငြိမ်းစား ဝန်ထမ်းများအား တွေ့ဆုံ အားပေးစကားများ ပြောကြားပြီး ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့ပါတီ (People's Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၄ / ၂၀၂၃ )**
၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလ ၂၉ ရက် )
**ပြည်သူ့ပါတီ (People's Party) ကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းမ၊ မဟာဗန္ဓုလအိမ်ရာ၊ အမှတ် (၆၂)၊ တိုက်(ဒီ)၊ (၉)လွှာ၊ အခန်း (၉၀၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ပါတီ (People's Party)**ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ပါတီ (People's Party)**၏ မှတ်ပုံတင်အမှတ်မှာ (၄၇) ဖြစ်ပါသည်။

**(ပုံ)သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သတိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်)အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၄ ရက်နေ့နှင့် အခမ်းအနားကျင်းပပြုလုပ်မည့် ၄-၁-၂၀၂၄ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂:၀၀)အချိန်မှ (၀၈:၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

❖ **ရှေ့ဖုံးမှ**

၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် မန္တလေးတိုင်းဒေသကြီး၏ ပျမ်းမျှအပူချိန်ထက် သုည ဒသမ ၅ ဒီဂရီမှ သုည ဒသမ ၈ ဒီဂရီစင်တီဂရိတ်ခန့် ပိုပူနိုင်ကြောင်း ရာသီဥတုခန့်မှန်းရေးမော်ဒယ်များ၏ တွက်ချက်မှုများမှ သိရသည်။

"အယ်လ်နီညိုဖြစ်တဲ့နှစ် အများစုမှာ မြန်မာ့ရာသီဥတုအပေါ် လွှမ်းကဲတဲ့ မိုးလေဝသအခြေအနေတွေ ပိုပြီးဖြစ်တတ်တာတွေ့ရလို့ အပူချိန်မြင့်မားမှု၊ ပုံစံမမှန်တဲ့ မိုးရေချိန်ရရှိမှု အခြေအနေတွေကို မိုး/ဇလရဲ့ ရာသီဥတုခန့်မှန်းချက်တွေလေ့လာပြီး အသုံးချသင့်တယ်လို့ အကြံပြုပါတယ်"ဟု ဆက်လက်ပြောကြားသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလတို့တွင် လာနီညာဖြစ်ခဲ့ပြီး စက်တင်ဘာလတွင် အယ်လ်နီညိုဖြစ်စဉ် ဖြစ်နေသဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်ကို အယ်လ်နီညိုနှစ်ဟု သတ်မှတ်ပြီး ၂၀၂၄ ခုနှစ် မတ်လခန့်အထိ ဆက်လက်တည်ရှိနိုင်ကြောင်း ရာသီဥတုဆိုင်ရာမော်ဒယ်များကို ကိုးကားပြီး ဩစတြေးလျနိုင်ငံ မိုးလေဝသဌာနက ဒီဇင်ဘာ ၁၉ ရက်က ထုတ်ပြန်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးရပြီး ၇၆ နှစ် အကြာ ...

ဇင်ငြိမ်း

**မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တာ ၇၆ နှစ်ရှိပါပြီ။ လက်ရှိမျိုးဆက်သစ်တွေက နယ်ချဲ့လက်အောက်မနေခဲ့ဖူးသလို လွတ်လပ်ရေးရတဲ့အချိန်ကိုလည်း မမီခဲ့ပါဘူး။ လွတ်လပ်ရေးရတာကိုမီခဲ့သူတွေဟာ အခုဆို အနည်းဆုံး အသက် (၇၆)နှစ်ကျော်ရှိနေပါပြီ။ ၁၉၄၇ ခုနှစ်မှာ မွေးတဲ့သူတွေတောင် နယ်ချဲ့အုပ်ချုပ်မှုအောက်မှာ မနေခဲ့ဖူးပါဘူး။ လက်ရှိမျိုးဆက်တွေက ၁၉၄၇ ခုနှစ် နောက်ပိုင်းမှ မွေးလာခဲ့သူတွေဖြစ်တဲ့အတွက် လွတ်လပ်ရေးမျိုးဆက်သစ်တွေလို့ ဆိုရမှာပါ။ သူ့ကျွန်ဘဝမှာလည်း မနေဖူးခဲ့တဲ့သူတွေပါ။ လွတ်လပ်ရေးကို ရေကန်အသင့် ကြာအသင့် ရခဲ့တဲ့သူတွေလည်း ဖြစ်ပါတယ်။**

## လွတ်လပ်ရေးဆိုတာ

လွတ်လပ်ရေးဆိုတာ အခြားနိုင်ငံ၏ အုပ်ချုပ်မှုမှ လွတ်မြောက်ခြင်းလို့ အင်္ဂလိပ်အဘိဓာန်မှာ ဖွင့်ဆိုပါတယ်။ မြန်မာအဘိဓာန်မှာတော့ တိုင်းတစ်ပါး၏ အုပ်စိုးခြင်းမှ လွတ်လပ်မှုလို့ ဆိုပါတယ်။ ဒီဖွင့်ဆိုချက်တွေကတော့ လွတ်လပ်ရေးဆိုတဲ့ စကားရပ်ကို တိုက်ရိုက်ဖွင့်ဆိုထားတဲ့ အဓိပ္ပာယ်တွေပဲ ဖြစ်ပါတယ်။ တိုင်းတစ်ပါးရဲ့ အုပ်ချုပ်မှုကနေ လွတ်မြောက်တာနဲ့ လွတ်လပ်ရေးရပြီလို့ဆိုနိုင်ပေမယ့် အဲဒီလွတ်လပ်ရေးနဲ့ အတူ လွတ်လပ်ရေးရဲ့အဓိပ္ပာယ်၊ အနှစ်သာရ၊ တန်ဖိုးတွေရှိမှသာ လွတ်လပ်ရေးရဲ့ အရသာကို အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။ နယ်ချဲ့လက်အောက်ကနေ လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့လူမျိုး ဖြစ်ဖို့ ကြိုးစားရာမှာလည်း ရည်ရွယ်ချက်ရှိပါတယ်။ လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့လူမျိုးဖြစ်မှ အခြားနိုင်ငံနဲ့ တန်းတူ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပြီး တိုးတက်အောင် ကြိုးစားကြဖို့သာဖြစ်ပါတယ်။


မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းမှာ လွတ်လပ်ရေးရယူတဲ့ ရည်ရွယ်ချက်တွေ ပါပါတယ်။ **“တိုင်းရင်းသားအပေါင်းတို့သွေးစည်းညီညွတ်လျက် အခွင့်အရေး အဆင့်အတန်းတူညီသည့် ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကြီးကို တည်ထောင်ပြီ။ ငါတို့လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်မည်”** လို့ ဖော်ပြထားပါတယ်။ လွတ်လပ်ရေးရဲ့ အနှစ်သာရတွေမှာဆိုရင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေ ပါပါတယ်။ လွတ်လပ်ရေးရပြီးလို့ ၇၆ နှစ်အကြာမှာ လွတ်လပ်ရေးရယူခဲ့တဲ့ ရည်ရွယ်ချက် ဘယ်လောက်ပြည့်စုံပြီလဲ၊ လွတ်လပ်ရေးရဲ့အနှစ်သာရတွေကို နိုင်ငံသားအပေါင်း ဘယ်လောက်ခံစားနေရပြီလဲ ဆိုတာတွေကို အစွဲကင်းကင်းနဲ့ ဆန်းစစ်ကြည့်ရင်တွေ့ရမှာ ဖြစ်ပါတယ်။

## ၇၆ နှစ်ကြာသည့်တိုင်

အထက်မှာဆိုခဲ့သလို လွန်ခဲ့တဲ့ ၇၆ နှစ်က လွတ်လပ်ရေးကြီးကို ရခဲ့ပေမယ့် နိုင်ငံကတော့ ပဋိပက္ခတွေ၊ သွေးကွဲမှုတွေ၊ အာဃာတတွေနဲ့ သံသရာလည်နေဆဲဖြစ်ပါတယ်။ လွတ်လပ်ရေးရဲ့ အဓိက ရည်ရွယ်ချက်ရောက်ဖို့ ကြိုးစားရဦးမှာပါ။ တိုင်းရင်းသားအချင်းချင်း အကြား သံသယတွေ၊ မယုံကြည်မှုတွေကြောင့် စည်းလုံးညီညွတ်မှု တည်ဆောက်ဖို့ ခက်ခဲနေပါတယ်။ တကယ်လိုအပ်နေတဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စည်းလုံးဖို့ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်နေပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ကြိုးပမ်းလာခဲ့တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ ဝိဝါဒကွဲပြားမှုတွေကြားမှာ နစ်မြုပ်နေပါတယ်။

**တည်ရှိနေဆဲ ပဋိပက္ခတွေကို ချဉ်းကပ်ဖြေရှင်းရာမှာလည်း ကမ္ဘာမှာ ခေတ်တွေ၊ စနစ်တွေ၊ အယူအဆတွေ ပြောင်းလဲနေပေမယ့် မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုကတော့ မပြောင်းလဲသေးပါဘူး။ ဖြူရင်ဖြူ မဖြူရင်မည်းရမယ်ဆိုတဲ့ သဘောထားတွေနဲ့ အယူအဆတွေကို စွဲကိုင်ထားကြဆဲပါ။ ဒါကြောင့်လည်း ပဋိပက္ခဖြေရှင်းမှုဟာ နှစ်တွေသာ ကြာနေပေမယ့် နိုင်ငံအတွက် တကယ် လိုအပ်နေတဲ့အဖြေရောက်ဖို့ အခက်အခဲတွေ ရှိနေပါသေးတယ်။ နိုင်ငံနဲ့ ပြည်သူအတွက် အဖြေမထွက်ပေမယ့် ဒီအပေါ်မှာ အသုံးချ၊ အမြတ်ထုတ်နေသူတွေရှိနေခြင်းဟာလည်း ပြဿနာတွေဖြေရှင်းရာမှာ ပိုပြီးခက်ခဲစေလျက်ရှိတာကို တွေ့ရပါတယ်။**

၇၆ နှစ်အတွင်းမှာ နိုင်ငံရေး ပြဿနာတွေ ပြေလည်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြပါတယ်။ နိုင်ငံရေးမပြေလည်တာတွေကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ အခွင့်အလမ်းတွေလည်း ရခဲ့ပါတယ်။ ဒါပေမဲ့ တစ်ဖက်သတ်ဆန်တဲ့ သဘောထား၊ အယူအဆနဲ့ လိုလားချက်တွေကြောင့် ထိရောက်တဲ့ရလဒ်ဖြစ်ဖို့နဲ့ ရေရှည်ခိုင်မြဲဖို့အတွက် အခက်အခဲတွေ ဖြစ်စေတာ တွေ့ရပါတယ်။ ဒါကြောင့် လက်ရှိ ပစ္စက္ခအခြေအနေတွေဟာ တကယ်သွားမယ့် ရည်မှန်းချက်နဲ့ နှိုင်းစာရင် ရုန်းကန်နေရတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။



## နှိုင်းယှဉ်ကြည့်လျှင်

**အခုဆို မြန်မာနိုင်ငံလွတ်လပ်ရေး ရခဲ့တာ နှစ်ပေါင်း ၇၆ နှစ် ရှိပါပြီ။ နှစ်တွေ မနည်းတော့ပါဘူး။ ၇၆ နှစ်ဆိုတာ နိုင်ငံတစ်နိုင်ငံကို ကမ္ဘာ့အဆင့် အတန်းမီ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ဖို့ လုံလောက်တဲ့အချိန်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အချိန်သိပ်မကွာဘဲ လွတ်လပ်ရေးရခဲ့တဲ့ နိုင်ငံတွေ၊ မြန်မာနိုင်ငံနောက်မှ လွတ်လပ်ရေး ရခဲ့တဲ့ နိုင်ငံတွေ၊ ဒုတိယကမ္ဘာစစ်ကြောင့် ပြာပုံဘဝရောက်ခဲ့တဲ့နိုင်ငံတွေဟာ အခုဆို မြန်မာနိုင်ငံရဲ့ရှေ့ကို ရောက်နေကြပါပြီ။ ကမ္ဘာ့နိုင်ငံတွေနဲ့ ပခုံးချင်းယှဉ်ပြီး တိုးတက်နေကြပါပြီ။ (၂၁) ရာစုမှ လွတ်လပ်ရေးရခဲ့တဲ့ နိုင်ငံတောင် မြန်မာနိုင်ငံနဲ့ တန်းတူဖြစ်နေပါတယ်။ ယခင်က မြန်မာနိုင်ငံကို အတုယူခဲ့ကြတဲ့ နိုင်ငံတွေက အခုဆို မြန်မာနိုင်ငံထက် အဆပေါင်း များစွာ တိုးတက်နေကြပါတယ်။**

မြန်မာနိုင်ငံလိုပဲ ၁၉၄၇ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့တဲ့ အိန္ဒိယနိုင်ငံဟာ နှစ်ပေါင်း ၃၀၀ ကျော် နယ်ချဲ့တွေရဲ့ သိမ်းပိုက်အုပ်ချုပ်တာကို ခံခဲ့ရတဲ့ နိုင်ငံပါ။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ အင်္ဂလိပ်တို့ဆီကနေ လွတ်လပ်ရေး ရခဲ့ပါတယ်။ နယ်ချဲ့တွေရဲ့ အုပ်ချုပ်မှုအောက်မှာ အိန္ဒိယပြည်သူအားလုံး ဒုက္ခမျိုးစုံကို ခါးစည်းခံခဲ့ရပါတယ်။ နယ်ချဲ့တွေ သွေးခွဲအုပ်ချုပ်ခဲ့လို့ လွတ်လပ်ရေး ရပြန်တော့လည်း အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံ ကွဲခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ မတူကွဲပြားမှုတွေက မြန်မာနိုင်ငံထက် ပိုများပါတယ်။ ဒါပေမဲ့ အိန္ဒိယနိုင်ငံဟာ လွတ်လပ်ရေးရပြီး ယနေ့အချိန်မှာတော့ ကမ္ဘာမှာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အင်အားကြီးတဲ့ ဒီမိုကရေစီနိုင်ငံ ဖြစ်နေပါပြီ။

ဒါ့အပြင် ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှာ လွတ်လပ်ရေးရခဲ့တဲ့ စင်ကာပူနိုင်ငံဆိုရင် ကမ္ဘာ့ထိပ်တန်းတိုးတက်တဲ့ နိုင်ငံဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာ နိုင်ငံအရွယ်အစားက သေးပါတယ်။ နိုင်ငံနဲ့ မြို့တော် တစ်ခုတည်းပါ။ နိုင်ငံရဲ့ စီးပွားရေး အလွန်ဖွံ့ဖြိုးတိုးတက်ပါတယ်။ ကမ္ဘာပေါ်မှာ ပွင့်လင်းမြင်သာမှုအရှိဆုံး၊ အဂတိလိုက်စားမှုအနည်းဆုံးနဲ့ စီးပွားရေး လုပ်ကိုင်လို့ အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေပါတယ်။ စင်ကာပူနိုင်ငံဟာ မြန်မာနိုင်ငံထက် လွတ်လပ်ရေးရတာ နောက်ကျတယ်၊ နိုင်ငံသေးငယ်တယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၈ နှစ်အကြာမှာ ကမ္ဘာ့ထိပ်တန်းနိုင်ငံ ဖြစ်ခဲ့ပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ အိန္ဒိယနဲ့ စင်ကာပူနိုင်ငံတို့ဟာ နိုင်ငံအရွယ်အစား၊ လူဦးရေ၊ လူမျိုးကွဲပြား၊ နိုင်ငံရဲ့အခြေအနေ စတာတွေ မတူညီကြပါဘူး။ ဒါပေမဲ့ သူတို့ဟာ ကိုယ့်ရဲ့အခြေအနေနဲ့ လိုက်လျောညီထွေစွာ နိုင်ငံကို ကမ္ဘာ့အဆင့်ဖြစ်အောင် တည်ဆောက်နိုင်ခဲ့ကြပါတယ်။ ကိုယ့်နိုင်ငံရဲ့ ဦးတည်ချက်အတိုင်း အကောင်အထည်ဖော်ခဲ့ကြပါတယ်။ နိုင်ငံအတွင်းဖြစ်နေတဲ့ ပြဿနာတွေကို အပြုသဘောနဲ့ ဝိုင်းဝန်းဖြေရှင်းခဲ့ကြပါတယ်။ အခုလို အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ဖော်ပြရတာ အခြားသူတွေကို အထင်ကြီးလို့၊ ကိုယ့်နိုင်ငံကို အထင်သေးလို့ မဟုတ်ပါဘူး။ သူတို့တောင် ဒီလောက်တိုးတက်အောင်လုပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံက ဘာကြောင့် နောက်ကျကျန်ခဲ့ရတာလဲ ဆိုတဲ့ သင်ခန်းစာယူ အဖြေထုတ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

## အရှိအတိုင်းသုံးသပ်ဖို့လို

**သူများနိုင်ငံတွေနဲ့ နှိုင်းယှဉ်သုံးသပ်လို့ပဲဖြစ်ဖြစ်၊ ကိုယ့်ပြည်တွင်းက အခြေအနေတွေကို သုံးသပ်လို့ပဲဖြစ်ဖြစ် ရှုမြင်သုံးသပ်ရာမှာ ပကတိအရှိတရားကို သိမြင်နိုင်ဖို့နဲ့ နားလည်လက်ခံဖို့ အရေးကြီးပါတယ်။** အထင်ကြီးလွန်းခြင်း၊ အထင်သေးလွန်းခြင်း၊ အဆိုးမြင်၊ အကောင်းမြင်၊ ဘက်လိုက်တဲ့အစွဲ၊ အာဃာတ၊ အတ္တစတဲ့ အစွန်းတွေသန္တာန်တွေ မူမှန်ဖို့လိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ ပဋိပက္ခဇာစ်မြစ်တွေ၊ နိုင်ငံရဲ့ ပကတိပစ္စက္ခအခြေအနေ၊ နိုင်ငံရေးယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ အကျိုးစီးပွား၊ ပါဝင်ပတ်သက်သူတွေ အားလုံးရဲ့အကျိုးစီးပွားတွေကို အစွဲကင်းကင်း စိတ်ရင်းမှန်မှန်ကန်ကန်နဲ့ ထည့်သွင်းသုံးသပ်ကြရမှာပါ။ ဒါမှသာ သုံးသပ်ချက်မှန်ပြီး ဆုံးဖြတ်ချက်မှန်မှာပါ။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ လွတ်တော့ လွတ်လပ်ပါရဲ့၊ မစည်းလုံးဘူး၊ မငြိမ်းချမ်းဘူး၊ မတိုးတက်ဘူး။

စာမျက်နှာ ၇ သို့ ☆

> **❝ အခုဆို မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၇၆ နှစ် ရှိပါပြီ။ နှစ်တွေ မနည်းတော့ပါဘူး။ ၇၆ နှစ်ဆိုတာ နိုင်ငံတစ်နိုင်ငံကို ကမ္ဘာ့အဆင့်အတန်းမီ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ဖို့ လုံလောက်တဲ့အချိန်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အချိန်သိပ်မကွာဘဲ လွတ်လပ်ရေးရခဲ့တဲ့ နိုင်ငံတွေ၊ မြန်မာနိုင်ငံနောက်မှ လွတ်လပ်ရေးရခဲ့တဲ့နိုင်ငံတွေ၊ ဒုတိယကမ္ဘာစစ်ကြောင့် ပြာပုံဘဝ ရောက်ခဲ့တဲ့နိုင်ငံတွေဟာ အခုဆို မြန်မာနိုင်ငံရဲ့ရှေ့ကို ရောက်နေကြပါပြီ။ ကမ္ဘာ့နိုင်ငံတွေနဲ့ ပခုံးချင်းယှဉ်ပြီး တိုးတက်နေကြပါပြီ။ (၂၁) ရာစုမှ လွတ်လပ်ရေးရခဲ့တဲ့နိုင်ငံတောင် မြန်မာနိုင်ငံနဲ့ တန်းတူဖြစ်နေပါတယ်။ ယခင်က မြန်မာနိုင်ငံကို အတုယူခဲ့ကြတဲ့ နိုင်ငံတွေက အခုဆို မြန်မာနိုင်ငံထက် အဆပေါင်းများစွာ တိုးတက်နေကြပါတယ် ❞**

> ❝ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့အခြေအနေတွေဟာ လွတ်လပ်ရေးယူခဲ့တဲ့ ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီး ကွဲလွဲနေတုန်းပဲလို့ဆိုရင် လွန်မယ်မထင်ပါဘူး။ မြန်မာနိုင်ငံကို သူတစ်ပါးလက်အောက်က လွတ်မြောက်အောင် ကြိုးပမ်းခဲ့တာဟာ အချင်းချင်း လွတ်လွတ်လပ်လပ် တိုက်ခိုက်ကြဖို့၊ ရန်ငြိုးထားဖို့၊ သွေးကွဲကြဖို့နဲ့ သူများနဲ့ယှဉ်ရင် နောက်ဆုံးရောက်နေဖို့မဟုတ်ပါဘူး။ ယခင်က နယ်ချဲ့တွေ သွေးခွဲအုပ်ချုပ်ခဲ့လို့ သွေးကွဲခဲ့ကြတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးလို့ နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ တိုင်းရင်းသားအချင်းချင်းကြား သွေးကွဲလို့ကောင်းနေတုန်းပါပဲ။ သင်ခန်းစာမယူနိုင်သေးပါဘူး။ နယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်ခဲ့လို့ စည်းလုံးညီညွတ်မှုပြိုကွဲခဲ့တာကို မကောင်းမှန်း၊ မဖြစ်သင့်မှန်းသိကြပါတယ်။ မကောင်းမှန်း၊ မဖြစ်သင့်မှန်းသိပေမယ့် အဲဒီအမှားတွေကိုပြင်ဖို့ထက် ကိုယ်တိုင်က အတိတ်ကို ယိုးမယ်ဖွဲ့၊ အချင်းချင်းလက်ညှိုးထိုးပြီး ယခင်အမှားတွေအတိုင်းပဲ ဆက်မှားနေကြပါတယ်။ ဖြစ်လာတဲ့ အကျိုးဆက်ကတော့ နိုင်ငံအတွက် လိုအပ်နေတဲ့အဖြေနဲ့ ဝေးလာပြီး ဒုက္ခတွေ၊ သောကတွေ အတောမသတ်နိုင်ခြင်းနဲ့ သူများတွေထက် အစစအရာရာ နောက်ကျလာခြင်းပါပဲ ❞

☆ စာမျက်နှာ ၆ မှ

**လွတ်လပ်ရေးကို ရခဲ့တာကြာပြီဖြစ်ပေမယ့် လွတ်လပ်ရေးရဲ့အဓိပ္ပာယ်၊ အနှစ်သာရ၊ တန်ဖိုးနဲ့ ရည်ရွယ်ချက်ဆိုတာကို အခုအချိန်အထိ အဖြေရှာနေရဆဲပါပဲ။**

ဒီဟာတွေကို လက်မခံချင်ပေမယ့် တကယ့်အရှိတရားဖြစ်လို့ လက်ခံကြရမှာပါ။ အဲဒီလိုဖြစ်နေတာ ၇၆ နှစ်ကြာခဲ့ပါပြီ။ ၇၆ နှစ်အတွင်းမှာ ကောင်းလိုက်၊ မကောင်းလိုက်နဲ့ သံသရာလည်နေပါတယ်။ အားလုံးကို မကောင်းဘူးလို့ မဆိုလိုပါဘူး။ ကောင်းခဲ့တာတွေက ဘယ်ဟာတွေလဲ၊ မကောင်းခဲ့တာတွေက ဘယ်ဟာတွေလဲ ပိုင်းခြားသုံးသပ်ကြရမှာပါ။ ဒါပေမယ့်လည်း ပြဿနာတွေရဲ့ အရင်းခံအကြောင်းတရားတွေကို ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားသုံးသပ်ဖြေရှင်းဖို့ထက် ကိုယ်ဖြစ်ချင်တဲ့၊ ကိုယ်လိုချင်တဲ့ အပိုင်းလေးတွေကိုပဲ အစွဲကြီးကြီးနဲ့ တစ်ဖက်သတ်စွဲကိုင်ထားကြတဲ့အတွက် ပဋိပက္ခနဲ့ အဖြေဟာ နီးလျက်နဲ့ဝေးနေပါတယ်။

**ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့အခြေအနေတွေဟာ လွတ်လပ်ရေးယူခဲ့တဲ့ ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီး ကွဲလွဲနေတုန်းပဲလို့ဆိုရင် လွန်မယ်မထင်ပါဘူး။ မြန်မာနိုင်ငံကို သူတစ်ပါးလက်အောက်က လွတ်မြောက်အောင် ကြိုးပမ်းခဲ့တာဟာ အချင်းချင်း လွတ်လွတ်လပ်လပ် တိုက်ခိုက်ကြဖို့၊ ရန်ငြိုးထားဖို့၊ သွေးကွဲကြဖို့နဲ့ သူများနဲ့ယှဉ်ရင် နောက်ဆုံးရောက်နေဖို့ မဟုတ်ပါဘူး။ ယခင်က နယ်ချဲ့တွေ သွေးခွဲအုပ်ချုပ်ခဲ့လို့ သွေးကွဲခဲ့ကြတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးလို့ နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ တိုင်းရင်းသားအချင်းချင်းကြား သွေးကွဲလို့ ကောင်းနေတုန်းပါပဲ။ သင်ခန်းစာမယူနိုင်သေးပါဘူး။ နယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်ခဲ့လို့ စည်းလုံးညီညွတ်မှုပြိုကွဲခဲ့တာကို မကောင်းမှန်း၊ မဖြစ်သင့်မှန်းသိကြပါတယ်။ မကောင်းမှန်း၊ မဖြစ်သင့်မှန်းသိပေမယ့် အဲဒီအမှားတွေကို ပြင်ဖို့ထက် ကိုယ်တိုင်က အတိတ်ကို ယိုးမယ်ဖွဲ့၊ အချင်းချင်းလက်ညှိုးထိုးပြီး ယခင်အမှားတွေအတိုင်းပဲ ဆက်မှားနေကြပါတယ်။ ဖြစ်လာတဲ့ အကျိုးဆက်ကတော့ နိုင်ငံအတွက် လိုအပ်နေတဲ့အဖြေနဲ့ ဝေးလာပြီး ဒုက္ခတွေ၊ သောကတွေအတောမသတ်နိုင်ခြင်းနဲ့ သူများတွေထက် အစစအရာရာ နောက်ကျလာခြင်းပါပဲ။**

## အယူအဆဟောင်းများ

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးတစ်ရာကျော်နဲ့ စုစည်းနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံပါ။ တိုင်းရင်းသားတွေများတဲ့အတွက် မတူညီ ကွဲပြားတာတွေ အများကြီးပါ။ အဲဒီလို မတူကွဲပြားတာတွေက ဒီကနေ့ဖြစ်နေတဲ့ ပြဿနာရဲ့ ဇာစ်မြစ်မဟုတ်ပါဘူး။ ပြဿနာရဲ့ ဇာစ်မြစ်က မတူကွဲပြားတာကို လက်မခံခြင်းနဲ့ ငါကိုဗဟိုပြုထားခြင်းပဲ ဖြစ်ပါတယ်။ မြန်မာ့သမိုင်းတစ်လျှောက်မှာ ကျင့်သုံးလာခဲ့တဲ့ ငါနဲ့မတူ ငါ့ရန်သူ၊ ငါနဲ့မတူသူကို အမြစ်ပြတ်ဖယ်ရှားရမယ်ဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှု အယူအဆဟောင်းဟာ မြန်မာနိုင်ငံမှာ အမွေဆိုးတစ်ခုလို ခိုင်ခိုင်မာမာ အမြစ်စွဲနေပါတယ်။ မစွန့်လွှတ်နိုင်ကြသေးပါဘူး။ အဲဒီအစွန်းရောက် သဘောထားကြောင့် နိုင်ငံရဲ့ရှိပြီးသား ပဋိပက္ခတွေကို ပိုပြီး ကျယ်ပြန့်လာစေတဲ့အပြင် ပဋိပက္ခအသစ်တွေကို ဖန်တီးပေးနေပါတယ်။

ဒီကနေ့ဖြစ်နေတဲ့ ဝိဝါဒကွဲပြားတာကို တစ်ဖက်နဲ့တစ်ဖက် အပြုသဘောမမြင်နိုင်ဘဲ အစွန်းရောက်အမြင်နဲ့ ကြည့်နေ၊ သဘောထားနေသမျှ ငြိမ်းချမ်းစွာ ပြဿနာဖြေရှင်းခြင်းဆိုတဲ့ နည်းလမ်းဆီ မရောက်နိုင်ပါဘူး။ ထိပ်တိုက်ရင်ဆိုင်မှုနဲ့ တိုက်ခိုက်တာတွေပဲ ဖြစ်ပြီးရင်းဖြစ်နေမှာပါ။ ငါနဲ့မတူ ငါ့ရန်သူလို့ သဘောထားကြတဲ့အတွက် စည်းလုံးမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုတာလည်း ရေရှည်တည်ဆောက်ဖို့ ခက်ခဲပါတယ်။ "ငါ" ကို မဏ္ဍိုင်ပြုတဲ့ အယူအဆဟာ မတူကွဲပြားမှုတွေနဲ့အတူ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရာမှာ အထောက်အကူမပြုပါဘူး။ မတူကွဲပြားမှုတွေနဲ့ ငြိမ်းချမ်းစွာ ရေရှည်ယှဉ်တွဲနေထိုင်ဖို့အတွက် သူ့ဆန္ဒ၊ ကိုယ့်ဆန္ဒ ညှိနှိုင်းပေါင်းစပ်နေကြရပါတယ်။ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှု အယူအဆဟောင်းကတော့ ရှိရင်းစွဲပဋိပက္ခနဲ့ သဘောထားမတိုက်ဆိုင်တာတွေကို ညှိနှိုင်းအဖြေရှာဖို့ထက် ကိုယ့်ရဲ့ဆန္ဒနဲ့ အတ္တတွေအတွက် ထိပ်တိုက်ရင်ဆိုင်ကြပါတယ်။ ဒါကြောင့်လည်း လွတ်လပ်ရေးရပြီး ၇၆ နှစ်ကြာတဲ့အထိ အတ္တယှဉ်ပြိုင်မှုတွေကြားထဲမှာ လွတ်လပ်ရေးရဲ့ အနှစ်သာရနဲ့ နိုင်ငံရဲ့ ရည်ရွယ်ချက် ပျောက်ဆုံးနေပါတယ်။

## အများအမှန် အဖြေရှာနေခြင်းမဟုတ်

လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတည်ဆောက်ရေးနဲ့ ပတ်သက်လို့ တိုင်းရင်းသား ညီအစ်ကိုတွေအကြား မတူညီတဲ့အမြင်၊ သဘောထား၊ အယူအဆအမျိုးမျိုးကို ကိုင်စွဲပြောနေကြတာတွေ ရှိပါတယ်။ ဒါဟာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာပဲ ဖြစ်နေတာ မဟုတ်ပါဘူး။ နိုင်ငံတိုင်းမှာ ဖြစ်လေ့ရှိတတ်တဲ့ သဘာဝတစ်ခု ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး အမြင်သဘောထားတွေ ကွဲပြားကြတဲ့အခါ သူနိုင် ကိုယ်နိုင် အကောင်းဆုံးအဖြေရဖို့ မတူကွဲပြားမှုတွေကို အကောင်းဆုံး စီမံခန့်ခွဲကြရပါတယ်။

လူတိုင်းကတော့ ကိုယ့်အယူအဆသာ အမှန်ဆုံးလို့ ထင်ကြမှာပါပဲ။ သူ့ရဲ့အယူအဆ၊ သဘောထားဟာ သူ့တစ်ကိုယ်စာအတွက် မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမဲ့ ဖက်ဒရယ်စနစ်လို မတူကွဲပြားမှုတွေ စုစည်းဖို့ဆိုရင် ကိုယ့်တစ်ကိုယ်စာ မှန်ကန်နေရုံနဲ့မရပါဘူး။ အခြားသူတွေနဲ့ ပေါင်းစပ်နိုင်ဖို့ လိုပါတယ်။ အားလုံးလက်ခံနိုင်တဲ့အဖြေ ထုတ်ကြဖို့လိုပါတယ်။ ဒါပေမဲ့ ကိုယ့်အယူအဆသာ အမှန်ဆုံးလို့ထင်မြင်လာတဲ့အခါ အခြားသူတွေရဲ့ အမြင်သဘောထား၊ ခံယူချက်၊ ခံစားချက်တွေအပေါ် အလေးမထားကြတော့ပါဘူး။ အဲဒီလို အလေးမထားခြင်းဟာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အကြီးမားဆုံး အဟန့်အတားဖြစ်ပါတယ်။

ဒါကြောင့် မတူညီတာတွေကို ပူးပေါင်းနိုင်ဖို့အတွက် အပြန်အလှန် အပေးအယူ ညှိနှိုင်းကြရပါတယ်။ ဒါမှ ဘုံရည်မှန်းချက်အတွက် သဘောတူညီမှုတွေရှာဖွေနိုင်မှာပါ။ မြန်မာ့နိုင်ငံရေး သဘောထားကွဲလွဲမှုတွေ ဖြေရှင်းရာမှာလည်း ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းဖို့ လိုအပ်နေပါတယ်။ ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းခြင်းဟာ တစ်ဖက်နဲ့တစ်ဖက် ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတဲ့အဖြေကို ဆုံးဖြတ်တာ မဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ရဲ့ အမှား၊ အမှန်ဆိုတာထက် နိုင်ငံရဲ့ဦးတည်ချက်အတွက် ညှိနှိုင်းအဖြေရှာကြဖို့ ဖြစ်ပါတယ်။ ဘုံသဘောတူညီချက်ရဖို့ထက် ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတဲ့ အဖြေရဖို့ အပြိုင်ကြိုးစားနေကြရင် မြန်မာ့နိုင်ငံရေး ပဋိပက္ခတွေက ကြာရှည်နေပါလိမ့်ဦးမယ်။

## လွတ်လပ်ရေးကို ထိပါးနေ

**မြန်မာ့နိုင်ငံရေးဝိဝါဒတွေ ဖြေရှင်းဖို့နဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ဖို့ ပြောခဲ့ကြတာ လွတ်လပ်ရေးရတဲ့ အချိန်ကတည်းကပါ။ ပြောသာပြောနေကြပေမယ့် နိုင်ငံအရွေ့ကတော့ ခရီးမပေါက်သေးပါဘူး။ အခုလို ဆိုရတာက အပျက်မြင်တဲ့သဘော မဟုတ်ပါဘူး။ နိုင်ငံမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေ ကျယ်ပြန့်လာခြင်းနဲ့ အခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် နောက်ကျကျန်ခဲ့တာတွေက မျက်မြင်ပဲဖြစ်ပါတယ်။ ဒီဟာတွေအတွက် ဝိုင်းဝန်းအဖြေရှာဖို့ လိုနေပါတယ်။ အစဉ်အဆက် စွဲကိုင်လာခဲ့တဲ့ လက်ညှိုးထိုးနိုင်ငံရေး၊ အာဃာတနိုင်ငံရေးတွေနဲ့ အဖြေမရခဲ့ပါဘူး။ အကျိုးဆက်အနေနဲ့ နိုင်ငံကို ဒုက္ခတွင်းထဲ နက်သထက်နက်စေခဲ့ပါတယ်။ ပိုပြီး နက်ရှိုင်းလာတဲ့ မြန်မာ့ပြည်တွင်းရေး ပဋိပက္ခတွေဟာ အခုဆို ဝင်ရောက်အမြတ်ထုတ်လိုတဲ့ အခြားနိုင်ငံတွေအတွက် အခွင့်ကောင်းဖြစ်နေပါတယ်။ ဒီအခွင့်ကောင်းတွေကို အသုံးချနေကြတဲ့အတွက် နိုင်ငံရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိပါးလာနေပါပြီ။**

ဒါဟာ လွတ်လပ်ရေးရယူခဲ့တဲ့ ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ လွတ်လပ်ရေးဆိုတာ သူတစ်ပါးလက်အောက်က လွတ်မြောက်ရုံနဲ့ အဓိပ္ပာယ်မပြည့်စုံပါဘူး။ လွတ်လပ်ရေးရဲ့ အနှစ်သာရတွေရဖို့ ကြိုးစားကြရဦးမှာပါ။ ဒီလိုအချိန်မှာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် ယိုးမယ်ဖွဲ့အပြစ်တင်နေရုံနဲ့ ပဋိပက္ခတွေ မပြေလည်နိုင်ပါဘူး။ နိုင်ငံကို မတည်ဆောက်နိုင်ပါဘူး။ ဖြစ်နေတဲ့ သဘောထားကွဲပြားတာတွေကို အချင်းချင်း ထိပ်တိုက်ရင်ဆိုင်မယ့်အစား ညှိနှိုင်းဖြေရှင်းမှသာ နိုင်ငံအတွက် လိုအပ်နေတဲ့ အဖြေကို ရမှာပါ။ ။

---

# ဓနုဖြူမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ဓနုဖြူ ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဓနုဖြူမြို့နယ်ပညာရေးမှူး ဦးလှဌေးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ ဒိုင်ချုပ် ဦးမြင့်ဦးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲဝင်မည့် မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်းမှ ကျောင်းသားကျောင်းသူ ၁၂ ဦးက အလှည့်ကျ နံပါတ်စဉ်ကို မဲနှိုက်၍ ကျပန်းစကားပြောပြိုင်ပွဲအား ဆက်လက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားတွင် ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## နောက်(၂)ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို





**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသောဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများနှင့် အခြားလေ့လာသင့်သည်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇဗုဒ္ဓယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များကိုယ်စား ဂေါပကအဖွဲ့ဝင်တစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များသည် အလှူခံဌာန၌ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့မခန်းဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနဝ္ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရသင့်ရထိုက်သည့် အခွန်ရငွေများ ပြည့်ပြည့်ဝဝကောက်ခံရရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန်ဘဏ္ဍာငွေ ပြည့်ဝစွာရရှိရေးအတွက် အခွန်စည်းကြပ်မှုလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ရငွေများ ပြည့်ပြည့်ဝဝကောက်ခံရရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံနေသည့် ဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားသော အခွန်ဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ ပြည့်ပြည့်ဝဝ ကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ



နေပြည်တော်အတွင်း MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန်ဘဏ္ဍာငွေ ပြည့်ဝစွာရရှိရေးအတွက် အခွန်စည်းကြပ်မှုလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/၂၀၂၃) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ ပိုမိုခွင့်ပြုနိုင်ခြင်းနှင့် လက်ရှိရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်း၊ ဝင်ငွေတိုးတက်ရရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်နွယ်က သက်ဆိုင်ရာကုမ္ပဏီ၏ အတည်ပြုလျှောက်ထားလွှာတွင် တင်ပြခဲ့သော ပြည်ပမှဝယ်ယူမည့် စက်ပစ္စည်းများအနက် စက်ပစ္စည်းအချို့ကို ပြည်တွင်းမှသာ ဝယ်ယူအသုံးပြုခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုထည့်ဝင်မှု ပြောင်းလဲပြင်ဆင်၍ အတည်ပြုမိန့်တွင် မတည်ငွေရင်းပမာဏ ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးဆိုင်ရာများကိုဆွေးနွေးပြီး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ထန်းတပင် ဒီဇင်ဘာ ၂၉**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သီတာနှင့် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ သဇင်လွင်တို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် မြန်မာစာအထူးပြု မဟာတန်းမှ ဒုတိယနှစ်ကျောင်းသား မောင်အာကာမိုးက "ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ် ဒေါက်တာခင်သီတာ၊ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ သဇင်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်ရတဲ့အတွက် ဘဝမှာပြီးပြည့်စုံမှုရှိသွားသလို ခံစားလိုက်ရပါတယ်

**ဦးဌေးဝင်း (ဂေါပကအဖွဲ့ဝင်၊ ဆူးလေစေတီတော်၊ ကျောက်တံတားမြို့နယ်)**



ဦးမြင့်ချို



ဦးတင်ရွှေ


ဒေါက်တာအေးကို



ဦးဝင်းမြင့်


ဦးစိန်သန်း


ဦးဌေးဝင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြသည်။

အဆိုပါ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဘုရား စေတီများနှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ဖူးမြော် ကြည်ညိုလေ့လာကြပြီး ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အအုံများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည် -

**ဦးမြင့်ချို (ဂေါပကအဖွဲ့ဝင်၊ တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီး)**

ဒီမာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို နိုင်ငံတော်အကြီးအကဲတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေအလိုက် ဘုရားဂေါပကအဖွဲ့တွေကို စုပြီးလာရောက်ဖူးမြော်စေခြင်းလည်းဖြစ်ပါတယ်။ အရင်ကတော့ ရုပ်ပွားတော်မြတ်ကြီးကို သတင်းစာနဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေကနေပဲ ဖူးမြော်ခဲ့ရတာပါ။ အခုမျက်မြင်ကိုယ်တွေ့ ဖူးမြော်ရတဲ့အပေါ်မှာ ပြောမပြတတ်အောင် ရင်ထဲဝမ်းသာကြည်နူးမိပါတယ်။ အဆောက်အအုံတွေဆိုတာလည်း ကြီးကျယ်ခမ်းနားလွန်းလှပါတယ်။ ကိုယ့်မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နောက်ပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားတဲ့ ဗိသုကာလက်ရာဟန်ပန်တွေကို အတုယူပြီး ကိုယ့်မြို့မှာရှိတဲ့ဘုရားတွေကို ပြန်လည်ပြုပြင်မွမ်းမံမှုဆောင်ရွက်ရာမှာ အသုံးပြုဖို့ လေ့လာခွင့်လည်း ရခဲ့ပါတယ်။ ဒါကြောင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်က ဓမ္မမိတ်ဆွေတွေအနေနဲ့ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်လိုပါတယ်။

**ဦးတင်ရွှေ (ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ဆုတောင်းပြည့်နန္ဒဝန်စေတီတော်၊ တာမွေမြို့နယ်)**

အခုလို ဂေါပကအဖွဲ့ဝင်တွေ စုစည်းပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာမိပါတယ်။ အရင်ကတော့ ဘုရားကြီးကို ဖူးမြော်ဖို့ ကြိုးစားခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မရောက်ခဲ့ပါဘူး။ ဒါပေမဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေက အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ဖို့စီစဉ်ပေးတဲ့အတွက်လည်း ဂေါပကအဖွဲ့ဝင်တွေ ကိုယ်စားအထူးပဲကျေးဇူးတင်ရှိပါတယ်။ ရုပ်ပွားတော်မြတ်ကြီး ပရဝဏ်အတွင်း ဝင်လိုက်ရင်ပဲ စိတ်ထဲမှာ အလိုလိုအေးချမ်းပြီး ကြည်နူးမှုကိုစတင် ခံစားခဲ့ရပါတယ်။ ရုပ်ပွားတော်မြတ်ကြီး မျက်နှာတော် ဖူးတွေ့လိုက်ရတဲ့အချိန်မှာ စိတ်ထဲမှာ မပြောပြတတ်အောင် ဝမ်းသာမှုနှင့် အံ့သြမှုကို တစ်ချိန်တည်း ခံစားသိရှိခဲ့ရပြန်ပါတယ်။ နောက်ပြီး အခြားစေတီတွေနဲ့ အဆောက်အအုံတွေရဲ့ တည်ဆောက်ထားမှု လက်ရာများဟာလည်း ဗိသုကာအဆင့်အတန်း မြင့်မားလွန်းလှပါတယ်။ ကျွန်တော့်အတွက်ကတော့ဘဝမှာ လူဖြစ်ရကျိုးနပ်တဲ့ အခိုက်အတန့်ပဲဖြစ်ပါတယ်။ ဒါကြောင့် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို မဖြစ်မနေလာရောက်ဖူးမြော်ကြစေလိုပါတယ်။

**ဒေါက်တာအေးကို (ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ ဥက္ကလာပစေတီတော်၊ တောင်ဥက္ကလာပမြို့နယ်)**

သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ ကျွန်တော်တို့ဂေါပက အဖွဲ့ဝင်တွေအားလုံး စိတ်အေးချမ်းသာစွာနဲ့ ဘုရားဖူးခွင့် ရရှိခဲ့ပါတယ်။ လာရောက်ဖူးမြော်မယ်လို့ အားခဲထားတဲ့ ဒီမာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို မမျှော်လင့်ဘဲ အခုလိုဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲမှာ အင်မတန်မှ ပီတိဖြစ်မိပါတယ်။ ပရိဝုဏ်အတွင်းမှာလည်း မမြင်ဘူး မတွေ့ဘူးခဲ့တဲ့ အဆောက်အအုံတွေ၊ ဗိသုကာလက်ရာတွေကို လေ့လာခွင့်လည်းရရှိပါတယ်။ နောက်ပြီး သာသနာရေးဆိုင်ရာ အထောက်အထားတွေကိုလည်း အများကြီးတွေ့ရှိရတဲ့အတွက်လည်း ဗဟုသုတရရှိသလို ဘာသာသာသနာပြန့်ပွားဖို့အတွက်လည်း အထောက်အကူ များစွာရရှိမှာဖြစ်တဲ့အတွက် နှစ်ထောင်းအားရဖြစ်မိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံးအနေနဲ့ ဒီရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြပါ။ ဒီလိုဖူးမြော်ခြင်းအားဖြင့် ရင်ထဲမှာစိတ်အေးချမ်းပျော်ရွှင်မှုကို ခံစားရမှာဖြစ်ပါတယ်။

**ဦးဝင်းမြင့် (ဂေါပကအဖွဲ့ဝင်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မရမ်းကုန်းမြို့နယ်)**

ရုပ်ပွားတော်မြတ်ကြီး စတင်ဖူးမြော်ခွင့်ပြုတဲ့အချိန်ကတည်းက လာရောက်ဖူးမြော်ချင်ခဲ့ပေမယ့် မရောက်ဖြစ်ခဲ့ပါဘူး။ အခုတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ဂေါပကအဖွဲ့တွေကို ပထမအသုတ်အနေနဲ့ ဖူးမြော်ဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အကြီးဆုံးလည်းဖြစ်တဲ့ အပြင် တစ်နိုင်ငံလုံးက ကြိတ်ကြိတ်တိုး လာရောက်ဖူးမြော်နေကြတဲ့ ရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အတွက် အင်မတန်မှ စိတ်ထဲမှာ ထူးခြားလေးနက်စွာ ဖူးမြော်ကန်တော့ခဲ့ပါတယ်။ နောက်ပြီး ကျွန်တော်တို့ ကမ္ဘာအေးစေတီတော်မှာ လိုအပ်မယ့် ပြုပြင်မွမ်းမံမှုတွေအားလုံးကိုဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်ထားတဲ့ ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံတွေကတစ်ဆင့်လေ့လာဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။ ထူးခြားသပ္ပာယ်လှတဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို မြန်မာတစ်နိုင်ငံလုံးမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်တွေ လာရောက်ဖူးမြော်ကြပါလို့လည်း ကျွန်တော့်အနေနဲ့ဖိတ်ခေါ် လိုပါတယ်။

**ဦးစိန်သန်း(ဂေါပကအဖွဲ့ဝင်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဗိုလ်တထောင်မြို့နယ်)**

ရင်ထဲမှာ အမြဲတမ်းဖူးမြော်ချင်နေခဲ့တဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို အခုလို ဖူးမြော်ကန်တော့ခွင့်ရတဲ့အတွက် ရင်ထဲမှာအတော်လေး ကျေနပ်ပြီး ကြည်နူးမိပါတယ်။ ဒီလိုဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘုရားရင်ပြင်တော်ကနေကြည့်ရင် ကောင်းကင်ပေါ်မှာ တည်ထားတဲ့ဘုရားတစ်ဆူဖြစ်နေတဲ့အတွက် အင်မတန်မှ သပ္ပာယ်လွန်းလှပါတယ်။ ကျွန်တော့်ဘဝတစ်သက်တာမှာ ဒီလိုမျိုး တစ်ခါမှ မမြင်ဘူးခဲ့ပါဘူး။ ပထမဆုံးဖူးတွေ့ရခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်ခံစားမိတဲ့ ထူးခြားမှုအတွေ့အကြုံတွေကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများလည်း ခံစားစေချင်တဲ့အတွက် မဖြစ်မနေ လာရောက် ဖူးမြော်စေလိုပါတယ်။ ဒီရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာ့အံ့ဖွယ်တစ်ခုလည်းဖြစ်ပါတယ်။

**ဦးဌေးဝင်း (ဂေါပကအဖွဲ့ဝင်၊ဆူးလေစေတီတော်၊ ကျောက်တံတားမြို့နယ်)**

ဒီရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်မယ့် ကျောက်တုံးတော်ကြီးကို စတင်တူးဖော်ပြီး ခက်ခက်ခဲခဲနဲ့ သယ်ဆောင်လာရတာကို ကြားသိကတည်းက အတော်လေးကို စိတ်ဝင်စားနေခဲ့တာပါ။ နောက်ပြီး တည်ဆောက်ပူဇော်တဲ့နေရာမှာလည်း ကမ္ဘာပေါ်မှာရှိတဲ့ အခြားစေတီတွေနဲ့မတူဘဲ မြင့်မားတဲ့နည်းပညာတွေနဲ့ ဆောင်ရွက်တဲ့အတွက်လည်း ပိုပြီးထူးခြားပါတယ်။ ဘုရားပရိဝုဏ်အတွင်းမှာလည်း မြန်မာမှုဗိသုကာ လက်ရာတွေနဲ့ အင်မတန်မှ ခံ့ညားထည်ဝါလှတာကိုလည်း လေ့လာဖူးမြော် တွေ့မြင်ရပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အခါမှာလည်း ကြည်နူးပီတိ ဖြစ်မိပါတယ်။ ကျွန်တော့်ဘဝတစ်လျှောက် ဒီလိုဥဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်ကို မဖူးမြော်ခဲ့ရပါဘူး။ ကျွန်တော်သက်ရှိထင်ရှားရှိနေတဲ့အချိန်မှာ ဖူးမြော်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိသလို ဘဝမှာ ပြီးပြည့်စုံမှုရှိသွားသလို ခံစားခဲ့ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေ၊ ကမ္ဘာသူကမ္ဘာသားတွေ၊ ဗုဒ္ဓဘာသာနိုင်ငံတွေအားလုံး ဒီရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်**
**ဓာတ်ပုံ - ကိုကိုအေး**

# ကွန်ပျူတာတက္ကသိုလ်(မအူပင်)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



**မအူပင် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ကွန်ပျူတာတက္ကသိုလ် (မအူပင်)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ထူးချွန်သည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပါမောက္ခချုပ်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ပဉ္စမနှစ်ကွန်ပျူတာသိပ္ပံသင်တန်းကျောင်းသူတစ်ဦးက မောင်ငယ်၊ ညီမငယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပထမနှစ်ကွန်ပျူတာသိပ္ပံနှင့် နည်းပညာသင်တန်းကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လွှတ်တော်ကိုယ်စားလှယ်များ လျှောက်လှမ်းရမည့် နိုင်ငံရေးခရီး

## မောင်ရွှေရိုး

**(ယမန်နေ့မှအဆက်)**

ကမ္ဘောဒီးယားနိုင်ငံတွင် အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော် (National Assembly) နှင့် အထက်လွှတ်တော် (Senate) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။ အောက်လွှတ်တော်တွင် ဥပဒေများ ပြင်ဆင်ချမှတ်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် အခွန်အခများ၊ အုပ်ချုပ်ရေးဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ ညီလာခံများကို အတည်ပြုခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်သည်။ ၁၉၉၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၇)၊ ပုဒ်မ ၇၆ အရ အမျိုးသားလွှတ်တော်(National Assembly)၏ ကိုယ်စားလှယ်အရည်အချင်းသတ်မှတ်ချက်မှာ ကမ္ဘောဒီးယားနိုင်ငံတွင် မွေးဖွားသော ခမာလူမျိုးများဖြစ်၍ အနည်းဆုံး အသက် (၂၅) နှစ် ပြည့်ပြီးသူဖြစ်ရမည်။ Communes နှင့် Sangkats အုပ်ချုပ်ရေးနယ်မြေများအတွက် ကျား၊ မ မရွေး ကမ္ဘောဒီးယားနိုင်ငံသားဖြစ်၍ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အမည်စာရင်းပါဝင်ရမည်။ မဲပေးချိန်မတိုင်မီ အသက် (၂၅) နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်။

### ဒိုင်းယက်လွှတ်တော်

ဂျပန်နိုင်ငံတွင် ဒိုင်းယက်လွှတ်တော် (Diet) သည် အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းဖြစ်သည်။ ဒိုင်းယက်လွှတ်တော်တွင် အောက်လွှတ်တော်(Shugi-in) နှင့် အထက်လွှတ်တော် (Sangi- In) ဟူ၍ လွှတ်တော်နှစ်ရပ် ရှိပါသည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄)၊ ပုဒ်မ ၄၄ အရ လွှတ်တော်နှစ်ရပ်စလုံးတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ၏ အရည်အချင်းကို ဥပဒေအရ သတ်မှတ်ထားသည်။ အောက်လွှတ်တော်နှင့် ဒေသန္တရလွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအတွက် အသက်ကန့်သတ်ချက်မှာ (၂၅) နှစ်ဖြစ်ပြီး အထက်လွှတ်တော်နှင့် စီရင်စုမြို့တော်ဝန်များ၏ အသက်ကန့်သတ်ချက်မှာ (၃၀) နှစ် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ဂျပန်ယန်း သုံးသန်းပေးသွင်းရပြီး PR စနစ်အတွက် ဂျပန်ယန်း ခြောက်သန်း တင်သွင်းရပါသည်။

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်တွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House Of Representatives)ဟူ၍ လွှတ်တော်နှစ်ရပ် ရှိပါသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲကို နှစ်နှစ်တစ်ကြိမ်ပြုလုပ်၍ ကိုယ်စားလှယ်သုံးပုံတစ်ပုံရွေးချယ်သောစနစ်ကို ကျင့်သုံးပါသည်။ အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၁) ပုဒ်မ (၃) အရ အထက်လွှတ်တော် (Senate) ၏ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်မှာ အသက် (၃၀) ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပချိန်တွင် အမေရိကန်နိုင်ငံသားအဖြစ် အမေရိကန်နိုင်ငံတွင် ကိုးနှစ်ကြာနေထိုင်သူဖြစ်ရမည့်အပြင် ရွေးကောက်တင်မြှောက်မည့် နယ်မြေတွင်လည်း အမှန်တကယ်နေထိုင်သူဖြစ်ရမည်။ အောက်လွှတ်တော် (House Of Representatives) ၏ ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်မှာ အသက် (၂၅) နှစ်ပြည့်ပြီးသူ၊ အမေရိကန်နိုင်ငံတွင် အမေရိကန်နိုင်ငံသားအဖြစ် ခုနစ်နှစ်ကြာ နေထိုင်သူဖြစ်ရမည်။

ရုရှားနိုင်ငံ၏ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်များမှာ ရုရှားနိုင်ငံ၏ ဖက်ဒရယ်လွှတ်တော် (Federal Assembly) တွင် အထက်လွှတ်တော် ဖက်ဒရယ်ကောင်စီ (Federal Council) နှင့် အောက်လွှတ်တော် (State Duma) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။ အထက်လွှတ်တော် ဖက်ဒရယ်ကောင်စီအား တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းမပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရုရှားနိုင်ငံ ဖက်ဒရယ်ပြည်နယ် ၈၅ ခုမှ ခန့်အပ်တာဝန်ပေးရွေးချယ်သည့် အစိုးရအဖွဲ့ဝင်တစ်ဦးနှင့် ဥပဒေပြုအဖွဲ့ဝင်တစ်ဦးတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အောက်လွှတ်တော် (State Duma) ၏ ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်များမှာ အသက် (၂၁) နှစ်ပြည့်ပြီး ရုရှားနိုင်ငံသား ဖြစ်ရမည်။ လူတစ်ဦးတည်းသည် ဖက်ဒရယ်ကောင်စီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်လည်းကောင်း တစ်ပြိုင်နက်တည်းမဖြစ်ရ။ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အခြားအစိုးရအဖွဲ့အစည်းများနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်မဖြစ်ရ။

တောင်ကိုရီးယားနိုင်ငံတွင် အမျိုးသားလွှတ်တော် (National Assembly) ဟုခေါ်သည့် လွှတ်တော်တစ်ရပ်သာရှိသည်။ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းသတ်မှတ်ချက်များမှာ အသက် (၂၅) နှစ်ပြည့်သူဖြစ်ပြီး နိုင်ငံအတွင်း ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး ငါးနှစ်ကြာ အခြေချနေထိုင်ခဲ့ဖူးသူ တောင်ကိုရီးယားနိုင်ငံသားများသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

### အရည်အချင်းသတ်မှတ်ချက်

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းသတ်မှတ်ချက်မှာ အသက် (၂၅) နှစ်ပြည့်ပြီးသူ၊ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတွင် အနည်းဆုံးဆယ်နှစ် အခြေချနေထိုင်ခဲ့သူ၊ **ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူတို့ဖြစ်ပါသည်။** အမျိုးသားလွှတ်တော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၂ အရ အသက် (၃၀) နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။

ကမ္ဘာ့နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းကို သတ်မှတ်ခဲ့ရာ ဘွဲ့ရဖြစ်ရန်လိုအပ်သည့် အချို့နိုင်ငံများမှာ ပါကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ ကင်ညာ၊ ဘူတန်၊ အီရန်၊ လစ်ဗျား၊ အိုမန်၊ စိန့်လူစီကာ၊ စင်ကာပူနှင့် ဂမ်ဘီယာနိုင်ငံတို့ ဖြစ်ကြောင်း သိရှိရသည်။ အမေရိကန်ပြည်ထောင်စုတွင် အထက်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဘွဲ့ရပညာတတ်များ ဖြစ်ကြပြီး အောက်လွှတ်တော် ၁၉ နေရာတွင်လည်း ဘွဲ့ရရှိထားသူများ ဖြစ်ကြောင်း သိရှိရပါသည်။ ဗြိတိန်နိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ် ၆၄၉ ဦးနှင့် ဖွဲ့စည်းထားရှိသော အောက်လွှတ်တော်၌ ၈၄ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များသည် ဘွဲ့ရရှိသူများဖြစ်၍ ကျန် ၁၂၆ ဦးသည် ဘွဲ့လွန်ဒီဂရီရရှိထားသူများဖြစ်ကြပါသည်။ အခြားနိုင်ငံများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေသတ်မှတ်ချက်များမှာ ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ထိုင်းဘတ် ၁၀၀၀၀၊ စင်ကာပူနိုင်ငံတွင် စင်ကာပူဒေါ်လာ ၁၃၅၀၀၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘောဒီးယားရီယယ် သိန်း ၁၅၀၊ မလေးရှားနိုင်ငံတွင် မလေးရှား ရင်းဂစ် ၅၀၀၀၊ အိန္ဒိယနိုင်ငံတွင် အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ရူပီး ၂၅၀၀၀၊ ပြည်နယ်လွှတ်တော်အတွက် ရူပီး ၁၀၀၀၀၊ ဂျပန်နိုင်ငံတွင် ယန်းသုံးသန်း၊ သြစတြေးလျနိုင်ငံတွင် ဒေါ်လာ ၁၀၀၀၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့တွင် ပေါင် ၅၀၀ စီ သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

### လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်း

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီခေတ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လွှတ်တော်သက်တမ်း နှစ်ခုအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ၃၂၅ ဦးတွင် ဘွဲ့လွန် ရှစ်ဦး၊ ဘွဲ့ရ ၂၅၁ ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင် ၃၈ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ၂၈ ဦး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ ဦးတွင် ဘွဲ့လွန် ငါးဦး၊ ဘွဲ့ရ ၂၆၂ ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၃၆ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ၂၂ ဦး ဖြစ်သည်။ ပထမအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးတွင် ဘွဲ့လွန် သုံးဦး၊ ဘွဲ့ရ ၁၃၂ ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၁၉ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ၁၄ ဦး၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးတွင် ဘွဲ့လွန် တစ်ဦး၊ ဘွဲ့ရ ၁၄၈ ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၁၂ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ခုနစ်ဦးတို့ဖြစ်သည်။ သို့ဖြစ်၍ **ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ရွေးချယ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များမှာ ဆယ်တန်းမအောင်သူ ၄၂ ဦးနှင့် ဘွဲ့မရသူ ၉၉ ဦး ပါဝင်ခဲ့သည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များမှာ ဆယ်တန်းမအောင်သူ ၂၉ ဦးနှင့် ဘွဲ့မရသူ ၇၇ ဦး ပါဝင်ခဲ့သည်ကို** လေ့လာတွေ့ရှိရပါသည်။ ရွေးကောက်ပွဲ အာမခံငွေသတ်မှတ်ချက်များ အနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၇ အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး ငွေကျပ်ငါးသိန်း သတ်မှတ်ထားရှိပြီး ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး ငွေကျပ်သုံးသိန်း ပြင်ဆင်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်များကို လေ့လာရာတွင် လွှတ်တော်နှစ်ရပ်ရှိသော နိုင်ငံများတွင် လွှတ်တော်များ၏ သက်တမ်းမတူညီသည်ကိုတွေ့ရှိရပြီး အထက်လွှတ်တော်များ၏ သက်တမ်းမှာ ပို၍ ရှည်ကြာသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း သတ်မှတ်ချက်များကိုလည်း အောက်လွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုကန့်သတ်ထားရှိပါသည်။ များသောအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်း ကန့်သတ်သည်ဖြစ်စေ၊ မကန့်သတ်သည်ဖြစ်စေ ဘွဲ့ရပညာတတ်များ၏ ကိုယ်စားလှယ်အရေအတွက် များပြားသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများကို မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် ပြဋ္ဌာန်းခဲ့ကြပါသည်။

> **❛ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းများကို ဖြစ်သင့်ဖြစ်ထိုက်သော ပညာအရည်အချင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပါဝင်နိုင်မှု၊ ရွေးကောက်ပွဲအာမခံကြေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အခြေချနေထိုင်သူဖြစ်ရန်တို့ကို သတ်မှတ်ချက်များထားရှိရန် လိုအပ်ပါသည်။ ထို့အပြင် အကျင့်စာရိတ္တ၊ ဥစ္စာစနနှင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ရှိရမည့်အပြင် နိုင်ငံအတွက် ဥပဒေရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို စောင့်ကြည့်ထိန်းညှိသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်နိုင်စွမ်းရှိရပါမည် ❜**

**နိဂုံး**

မြန်မာနိုင်ငံ၏ လျှောက်လှမ်းခဲ့ရသည့် နိုင်ငံရေးခရီးလမ်းက ကြမ်းတမ်းခဲ့ပါသည်။ ဆက်လက်လျှောက်လှမ်းရမည့် ခရီးအတွက် အရည်အချင်းပြည့်မီသော လွှတ်တော်ကိုယ်စားလှယ် လူတော်လူကောင်းများရရှိရေးမှာ အရေးကြီးသော လိုအပ်ချက်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းများကို ဖြစ်သင့်ဖြစ်ထိုက်သော ပညာအရည်အချင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်နိုင်မှု၊ ရွေးကောက်ပွဲအာမခံကြေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အခြေချနေထိုင်သူဖြစ်ရန်တို့ကို သတ်မှတ်ချက်များ ထားရှိရန် လိုအပ်ပါသည်။ ထို့အပြင် အကျင့်စာရိတ္တ၊ ဥစ္စာစနနှင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ရှိရမည့်အပြင် နိုင်ငံအတွက် ဥပဒေရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို စောင့်ကြည့်ထိန်းညှိသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်နိုင်စွမ်းရှိရပါမည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်၍ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြရသဖြင့် နိုင်ငံ့ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ဆောင်ထင်ဟပ်လျက်ရှိပါသည်။ ဒီမိုကရေစီအစိုးရများသည် မိမိတို့ဆောင်ရွက်လိုသည်များကို ဥပဒေပြဋ္ဌာန်း၍ ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရပေသည်။ သို့ဖြစ်၍ ပါလီမန်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်စေမည့် ဥပဒေများကိုပြဋ္ဌာန်းရန် အဓိကတာဝန်ဖြစ်လာပါသည်။ တာဝန်ခံ တာဝန်ယူမှုရှိသော၊ တာဝန်ကျေပွန်သော လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ မူဝါဒများ၊ ဥပဒေများအပေါ် နားလည်သဘောပေါက်နိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်း၊ အတည်ပြုပြဋ္ဌာန်းနိုင်စွမ်းနှင့် ခေတ်နှင့်မလျော်ညီသော ဥပဒေများကို အစားထိုးပယ်ဖျက် ဆောင်ရွက်နိုင်စွမ်းစသည့် အရည်အချင်းကောင်းများ ရှိကြရမည်ဖြစ်ပါသည်။

**စာမျက်နှာ ၁၁ သို့ ❖**

# ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမ အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမ အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းပူးပေါင်း**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသသည် နိုင်ငံတကာက အထူးစိတ်ဝင်စားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်ပြီး နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းများ၊ ကာကွယ်စောင့်ရှောက်ခြင်းများကို အလေးထားဆောင်ရွက်နေကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်နေကြောင်း၊ ယခုအကောင်အထည်ဖော်တည်ဆောက်မည့် ဘက်စုံသုံးမြို့နယ်ခန်းမသည် ပုဂံဒေသအတွက် များစွာအထောက်အပံ့ဖြစ်မည်ဖြစ်ကြောင်း၊ ပုဂံဒေသနှင့်ကိုက်ညီသည့် အဆောက်အအုံပုံစံဖြစ်ပြီး လူဦးရေ ၅၀၀ ဝင်ဆံ့သည့် ဘက်စုံသုံးခန်းမအဖြစ်ဆောက်လုပ်ရန် လျာထားကြောင်း၊ UNESCO၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများနှင့်ပတ်သက်၍ ကြန့်ကြာမှုမရှိစေရေး သက်ဆိုင်ရာ ဌာနအချင်းချင်းပေါင်းစပ်ကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်း၊ (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းထိုက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အထူးအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမိုးဇော်က ဘက်စုံသုံးမြို့နယ်ခန်းမအဆောက်အအုံ ဆောက်လုပ်မည့်အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessment–HIA) စိစစ်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအိရွှေစင်မြင့်က HIA အဖွဲ့၏ ဆောင်ရွက်မှုအခြေအနေတွေ့ရှိချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ၂၀၂၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အကြိုလှုပ်ရှားမှုအဖြစ် ကျင်းပမည့် “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့”အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်း၏ အကြိုလှုပ်ရှားမှုအဖြစ် “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ဆောင်ပုဒ်နှင့်အညီ အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပြိုင်ပွဲဝင်များ၏ဆောင်းပါးများတွင် အောက်ဖော်ပြပါအဓိကအချက်များ ထည့်သွင်းရေးသားသင့်ပါသည် –

(က) သန်းခေါင်စာရင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူတိုင်းပါဝင်ခွင့်ရသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြည်သူလူထု ဗဟုသုတအဖြစ်သိရှိရန်

(ခ) ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအထိမ်းအမှတ် “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ဆောင်ပုဒ်နှင့်အညီ ပြည်သူများအနေဖြင့် စာရင်းကောက်များ၏ မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပြည်သူများ ပူးပေါင်းကူညီပါဝင်ဆောင်ရွက်နိုင်ရန်

(ဂ) လူဦးရေသန်းခေါင်စာရင်းသည် နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် စာရင်းအင်းအချက်အလက်များအနက် အဓိကကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူလူထု သိရှိနားလည်ရန်

(ဃ) ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူလူထု ကျယ်ပြန့်စွာ သိရှိလျက် ယင်းလုပ်ငန်း အောင်မြင်စွာ ပြီးမြောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) **အလွတ်တန်းအဆင့်ပြိုင်ပွဲ**

- အသက် ၃၀ နှစ်နှင့်အထက် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ခ) **ဝါသနာရှင်အဆင့်ပြိုင်ပွဲ**

- အသက် ၁၄ နှစ်မှ ၂၉ နှစ်အတွင်း ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၁၀ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

၃။ ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard + Soft Copy)(Word+Pdf) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ နှစ်ပုံ (Passport Size)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၈၇၇၂၄၊ ၀၁-၃၈၁၄၄၉ သို့လည်းကောင်း၊ အီးမေးလ်လိပ်စာ sarpaybeikman.sarpaybeikman@gmail.com သို့လည်းကောင်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို စာပေဗိမာန် Website (www.sarpay-beikman-pol.gov.mm) နှင့် Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသောဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရစာမူများကို တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခြင်းမခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

၄။ ဆုရရှိသူများစာရင်းကို အစိုးရသတင်းစာများတွင်လည်းကောင်း၊ စာပေဗိမာန်၏ Website နှင့် Facebook Page များတွင်လည်းကောင်း ကြေညာသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

**စာပေဗိမာန်**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

❖ **စာမျက်နှာ ၁၀ မှ**

နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ဒေသတွင်း လတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ ပထဝီနိုင်ငံရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ကပ်ရောဂါအတွေ့အကြုံများကို နားလည်နိုင်စွမ်းရှိသော၊ ဆင်ခြင်သုံးသပ်ဆောင်ရွက်နိုင်စွမ်းရှိသော အရည်အချင်းနှင့်ပြည့်စုံသည့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ကြရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများအတွက် နိုင်ငံရေးပါတီများအနေဖြင့် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများကို လေ့ကျင့်မွေးထုတ်ရွေးချယ်၍ ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း နိုင်ငံ့တာဝန်ကို အမှန်တကယ်ထမ်းဆောင်နိုင်မည့် လွှတ်တော်အမတ်များ၏ အရည်အချင်းကို ကြည့်ရှုလေ့လာ၍ ရွေးချယ်ကြရန် တိုက်တွန်းတင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်များ–**

(၁) **မြန်မာ့နိုင်ငံရေးဖြစ်စဉ်အကျဉ်း**
(၂) **ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် သမ္မတဦးသိန်းစိန်**
(၃) **ဒီမိုကရေစီဒုတိယခေတ်နှင့် မြန်မာနိုင်ငံ**
(၄) **နိုင်ငံရေးနှင့် နိုင်ငံရေးပါတီ**
(၅) **မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရသော အခွင့်အလမ်းများ**
(၆) **မြန်မာ့နိုင်ငံရေး (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)**
(၇) **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)**
(၈) **ကမ္ဘာ့နိုင်ငံအချို့၏လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား လေ့လာခြင်း စာတမ်း**
(၉) **ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စာတမ်း**
(၁၀) **ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စာတမ်း**

# ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုရရှိရန်လိုအပ်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ပြောကြား




**ကုလသမဂ္ဂ ဒီဇင်ဘာ ၂၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ၂၀၂၄ ခုနှစ်သည် ယုံကြည်မှုနှင့် မျှော်လင့်ချက် တည်ဆောက်သည့် နှစ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုရရှိရန် လိုအပ်ကြောင်း ၎င်း၏နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောကြားသည်။

အန်တိုနီယို ဂူတာရက်စ်၏ နှစ်သစ်ကူးမိန့်ခွန်း ဗီဒီယိုကို ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

၂၀၂၃ ခုနှစ်သည် ဆိုးရွားသည့် ဆင်းရဲဒုက္ခများ၊ အကြမ်းဖက်မှုများနှင့် ရာသီဥတု ဘေးအန္တရာယ်များ ပြည့်နှက်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း ဂူတာရက်စ်က ပြောကြားသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်သည် စံချိန်တင် အပူဆုံးနှစ်ဖြစ်ကြောင်းလည်း ဂူတာရက်စ်က ပြောကြားသည်။

ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့အတွက် ကုလသမဂ္ဂသည် ကမ္ဘာ့ပြည်သူများ၏အကျိုးစီးပွားကို အဓိကရည်ရွယ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဂူတာရက်စ်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးနိုင်ငံသို့ အမေရိကန်က လက်နက်များ ပေးပို့နေခြင်းအပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီး ပြစ်တင်ရှုတ်ချ

**တီဟီရန် ဒီဇင်ဘာ ၂၉**

ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများဆောင်ရွက်ရန်အတွက် အစ္စရေးနိုင်ငံသို့ အမေရိကန်က လက်နက်များ မရပ်မနား ပေးပို့ခြင်းအပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမ်မာအဒိုလာဟင်က ဒီဇင်ဘာ ၂၈ ရက်တွင် ပြစ်တင်ရှုတ်ချခဲ့ကြောင်း Fars သတင်းဌာနက ပြောကြားသည်။

ဂါဇာကမ်းမြောင်တွင် ဆက်လက်ဖြစ်ပွားနေသော အစ္စရေးတို့၏ တိုက်ခိုက်မှုများဆိုင်ရာ အခြေအနေနှင့်ပတ်သက်၍ အီရန်နိုင်ငံအလယ်ပိုင်း Qom မြို့၌ ၎င်းက ယခုကဲ့သို့ပြစ်တင်ရှုတ်ချသည့် မှတ်ချက်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန် လက်နက်တွေကို ဒေသတွင်းရှိ အခြေစိုက်စခန်းအားလုံးကနေ မရပ်မနား တဲလ်အဗစ်မြို့ကို ပို့ဆောင်နေပါတယ်။ ဒါ့အပြင် စစ်ဘက်ဆိုင်ရာ ကိရိယာတွေကို အမေရိကန်နိုင်ငံမှ ဆိုက်ပရပ်စ်သို့ တိုက်ရိုက်ပေးပို့ပြီး ထိုမှတစ်ဆင့် တဲလ်အဗစ်သို့ ပို့ပေးနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အီရန်ထိပ်တန်းသံတမန်က အစ္စရေးသို့ လက်နက်များ အဆက်မပြတ်ပေးပို့နေသည့် အမေရိကန်၏ ဆောင်ရွက်ချက်ကို ပြစ်တင်ရှုတ်ချခဲ့သည်။ ထို့ပြင် အမေရိကန်သည် အစ္စရေး–ပါလက်စတိုင်းစစ်ပွဲကို ကြီးထွားစေလိုသည့် ဆန္ဒမရှိဟု ကမ္ဘာ့နိုင်ငံများကို လှည့်ဖျားခဲ့သည်ဟုလည်း အဒိုလာဟင်က ပြစ်တင်ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ အဆက်မပြတ်ဗုံးကြဲတိုက်ခိုက်မှုများနှင့် မြေပြင်ထိုးစစ်များကြောင့် ပါလက်စတိုင်း ၂၁၀၀၀ ကျော် သေဆုံးခဲ့ပြီး ဂါဇာရှိ လူဦးရေအများစုမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးပြင်ဆင်မှုများကို အရှိန်မြှင့်တင်ရန် ကင်ဂျုံအန် ညွှန်ကြား

**ပြုံယမ်း ဒီဇင်ဘာ ၂၉**

ကိုရီးယားကျွန်းဆွယ်တွင် အမေရိကန်နှင့် ၎င်း၏ အပေါင်းအပါ မဟာမိတ်များ၏ များပြားလာသည့် စစ်ရေးလှုပ်ရှားမှုများကို တုံ့ပြန်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးပြင်ဆင်မှုများကို အရှိန်မြှင့်တင်ရန် ခေါင်းဆောင်ကင်ဂျုံအန်က ညွှန်ကြားခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာန ကေစီအင်န်အေက ဒီဇင်ဘာ ၂၈ရက်တွင် ပြောကြားသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီ ဒုတိယမြောက်နေ့ အစည်းအဝေးတွင် ၎င်း၏ သဘောထားမှတ်ချက်ကို ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကိုရီးယားကျွန်းဆွယ်ရှိ အခြေအနေကို လေ့လာဆန်းစစ်မှုအပေါ် အခြေခံ၍ စစ်ပွဲပြင်ဆင်မှုများကို ပိုမိုအရှိန်မြှင့်ရေးအတွက် မြောက်ကိုရီးယားတပ်မတော်၏ နျူကလီးယားလက်နက် အပါအဝင် လက်နက်ခဲယမ်းများ အသင့်ပြင်ဆင်ထားရှိရေးနှင့် နိုင်ငံသားများ ကာကွယ်ရေးကဏ္ဍများအတွက် ၎င်းက လုပ်ငန်းတာဝန်များ ချမှတ်ခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တွင် အမေရိကန်နှင့် အပေါင်းအပါ မဟာမိတ်များ၏ ရန်စမှုများကို ပြင်းပြင်းထန်ထန်ရှုတ်ချပြီး ၎င်းလုပ်ရပ်များသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်နေသည်ဟု မြောက်ကိုရီးယားအလုပ်သမားပါတီ အကြီးအကဲနှင့် ကင်ဂျုံအန်၏ညီမဖြစ်သူ ကင်ယိုဂျောင်က ပြောကြားသည်။ **ကိုးကား – စပွတ်ညစ်**
**ဘာသာပြန် – စိုးသူရ**

# ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ဆင်ခြေဖုံးသို့ အစ္စရေးက ဒုံးကျည်ဖြင့် တိုက်ခိုက်

**ဒမတ်စကတ် ဒီဇင်ဘာ ၂၉**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ဆင်ခြေဖုံးကို အစ္စရေးက ဒုံးကျည်ဖြင့် တိုက်ခိုက်မှုတစ်ခု ဒီဇင်ဘာ၂၈ ရက်ညပိုင်းက ဖြစ်ပွားခဲ့ပြီး ၎င်းတိုက်ခိုက်မှုကို ဆီးရီးယား လေကြောင်းရန်ကာကွယ်ရေးစနစ်မှ တုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားအစိုးရပိုင် ရုပ်မြင်သံကြားသတင်းအရ သိရသည်။

**လေကြောင်းမှတိုက်ခိုက်**

အစ္စရေးတပ်ဖွဲ့သည် ဂိုလန်ကုန်းမြင့်ဒေသမှနေ၍ ဆီးရီးယားနိုင်ငံ တောင်ပိုင်းသို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားစစ်တပ်က ထုတ်ပြန်သည်။

ဆီးရီးယားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ၎င်းတိုက်ခိုက်မှုကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံသို့ ယခင်က အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများသည် အီရန်ကျောထောက်နောက်ခံပြု ပြည်သူ့စစ်များ၊ လက်နက်ယာဉ်တန်းများနှင့် လက်နက်သိုလှောင်ရုံများဟု သံသယရှိသော စစ်ဘက်ဆိုင်ရာ နေရာများကို ပစ်မှတ်ထားခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် မကြာသေးမီက ဂါဇာကမ်းမြောင်ရှိ ၎င်း၏ စစ်ဆင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့်အတူ ဆီးရီးယားရှိ ပစ်မှတ်များကိုလည်း တိုက်ခိုက်မှု မြှင့်တင်ခဲ့သည်။

**အတိုက်အခံအုပ်စုများကို တိုက်ခိုက်**

ဆီးရီးယားနိုင်ငံ၌ ၁၂ နှစ်ကျော်ကြာ စစ်ပွဲအတွင်း ရုရှားနှင့် အီရန်တို့ ကျောထောက်နောက်ခံ ပြုထားသော သမ္မတ အယ်လ်အာဆတ်၏ အစိုးရတပ်ဖွဲ့များက အတိုက်အခံအုပ်စုများကို တိုက်ခိုက်လျက်ရှိသည်။

အီရန်က ဆီးရီးယားနိုင်ငံတွင် စစ်အင်အား တည်ထောင်နေခြင်းကို တားဆီးရန်အတွက် အစ္စရေးနိုင်ငံက မူဝါဒချမှတ်ထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာအလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် လေကြောင်းနှင့် မြေပြင်ထိုးစစ်များ ပြင်းထန်စွာဆင်နွှဲလျက်ရှိ

**ဂျေရုဆလင် ဒီဇင်ဘာ ၂၉**

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာအလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် လေကြောင်းနှင့် မြေပြင်ထိုးစစ်များကို ပြင်းထန်စွာ ဆင်နွှဲလျက်ရှိပြီး ပြည်သူဒါဇင်နှင့်ချီ သေဆုံးခဲ့ကြောင်း သိရသည်။

ဂါဇာအလယ်ပိုင်းရှိ ဒုက္ခသည်စခန်းနှစ်ခုတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၃၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ဝင်ရောက်စီးနင်း**

ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ရှိ လူနေရပ်ကွက်တစ်ခုကို အစ္စရေးတိုက်လေယာဉ်က ဒီဇင်ဘာ ၂၉ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ရာ အနည်းဆုံး ၂၀ သေဆုံးခဲ့ကြောင်း သိရသည်။ ရာဖာမြို့၌ စစ်ဘေးရှောင်ပြည်သူများနှင့် လူဦးရေ ထူထပ်လျက်ရှိသည်။



အီဂျစ်အစိုးရသည် ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေး အဆင့်သုံးဆင့် အစီအစဉ်ကို ချမှတ်ခဲ့ကြောင်း ဒီဇင်ဘာ ၂၈ ရက်တွင် ကြေညာခဲ့သည်။

ယင်းအဆိုပြုချက်သည် ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆင်နွှဲမှုကို ရပ်တန့်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပြန်လည်ထူထောင်ရန် ရည်ရွယ်သည်။

အီဂျစ်အစိုးရသည် ယင်းအဆိုပြုချက်နှင့်ပတ်သက်၍ အသေးစိတ်ကို ပြောကြားခြင်း မရှိသေးပေ။

သို့သော် ဟားမတ်စ်အဖွဲ့က ဓားစာခံဖမ်းဆီးထားသော ကလေးများနှင့် အမျိုးသမီးများကို လွှတ်ပေးရန်၊ အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်းအကျဉ်းသားအချို့ကို လွှတ်ပေးရန်နှင့် တိုက်ပွဲများ ၁၀ ရက်ကြာ ရပ်ဆိုင်းရန် ပထမအဆင့်အနေဖြင့် အီဂျစ်အစိုးရက အဆိုပြုခဲ့ကြောင်း အရှေ့အလယ်ပိုင်းရှိ မီဒီယာများက သတင်းဖော်ပြခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၂၇ ရက်တွင် သီလဝါ ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးဝတ် အထည်မျိုးစုံ ၁၄၆ ထည်၊ ဂျပန်နိုင်ငံထုတ် Face Wash ၂၆၂ ဘူး၊ Fruit Juice ဘူး ၃၀၀၀ အပါအဝင် ကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၆၉၀၀၀)ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Atom Toys ၅၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၄၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ခရီးသည်တစ်ဦးထံမှ ရွှေဟုယူဆရသည့် အမဲရောင်ဆေးသုတ်ထားသော ခါးပတ်ခေါင်းတစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Tolsen Safety Boot ဖိနပ် ၉၈ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၇၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၄၆၈၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hilux Surf ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင်အမှတ် (၂၅/၂)၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၁၀၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၄၁၉၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Fuso Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် 100% Rayon Fabric ၉၂၆၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၂၄၃၉၆၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက် နှင့် ၂၉ ရက်တို့တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၈၆ တန်နှင့် အခြားသစ်သုည ဒသမ ၇၄၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၈၃၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၅၅၁၅၉၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြဝတီနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကရင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်အတွင်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ထက်ကိုကိုနှင့် ဝေလင်းထွန်း(ခ)ဆံရှည် တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ အိုက်စ် ၃ ဒသမ ၇၈ ကီလိုကို လည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ည ၆ နာရီ ၁၅ မိနစ်တွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချော ကျေးရွာအနီးတွင် ဝေဖြိုး မောင်းနှင်ပြီး စည်သူဝင်း လိုက်ပါလာသည့် TOYOTA MARK II အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ဆီတိုင်ကီအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀၀၊ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ဒီဇင်ဘာ ၂၆ ရက် နံနက် ၆ နာရီတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ကွင်းဆက်တရားခံ မင်းသူကို ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာအုပ်စု မြန်ပြည်သာကျေးရွာ သုံးမိုင်ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။


မင်းသူ၊ ဝေဖြိုး နှင့် စည်သူဝင်း တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်



## နတ်တလင်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုပပျောက်ရေး ကွင်းဆင်းစစ်ဆေး

**နတ်တလင်း ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကွင်းဆင်းစစ်ဆေး**

အဆိုပါစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မင်းထွေး ဦးဆောင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက ဌာနပိုင်ထရန်စဖော်မာများ၊ ပုဂ္ဂလိကပိုင်ထရန်စဖော်မာများ၊ ပါဝါမီတာနှင့် အိမ်သုံးမီတာများအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် အပတ်စဉ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



## ဒလမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် နွေစပါး လက်တွေ့စိုက်ပျိုးပြသခြင်းသရုပ်ပြပွဲ ကျင်းပ

**ဒလ ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသခြင်းကို ယနေ့နံနက် ၉နာရီတွင် ရခိုင်ချောင်(မြောက်)ကျေးရွာရှိ ကွင်းအမှတ် (၂၄၂) ဦးပိုင် အမှတ်(၃/ခ)ရှိ တောင်သူဦးသိန်းမြင့်၏ လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။


အဆိုပါ နွေစပါးလက်တွေ့စိုက်ပျိုးကွင်းသရုပ်ပြပွဲသို့ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးရွှေဘော်နှင့်တာဝန်ရှိသူများ၊ တောင်သူများ စုစုပေါင်း ၂၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်မိုးက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် လိုက်နာရမည့်အချက်များကို အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တောင်သူများအား သွင်းအားစုများ၊ မျိုးစေ့များ၊ မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြင့်ဇော်(ပြန်/ဆက်)

### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။



## PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် မြင်းစီးကျေးရွာအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၊ နှစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများသွားလာရာ လမ်းတံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းစီးကျေးရွာအတွင်းသို့ ကျေးရွာ၏ အနောက်ဘက် မီတာ ၃၅၀၀ ခန့်အကွာရှိ မအူပင် (အရှေ့)ကျေးရွာဘက်မှနေ၍ Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည်။ ထိုသို့ Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးပြီး နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် မြင်းစီးကျေးရွာအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့နေရာပြပုံ**

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြောက်တရားများ လွှမ်းမိုးလာစေရန်ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြောက်ဦးမြို့ မြောင်းဘွေကျေးရွာအနီးဝန်းကျင်နှင့် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာ နှစ်ရွာကို တပ်မတော်က လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အရပ်သားများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ အနီးပတ်ဝန်းကျင်ကို ဒီဇင်ဘာ ၂၈ ရက်တွင် တပ်မတော်က လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အရပ်သားငါးဦး သေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် RFA မှ ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ AA သောင်းကျန်းသူအဖွဲ့သည် မြောင်းဘွေရဲစခန်းနေရာအား Drone များအသုံးပြု၍ အဝေးမှလာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက Drone Gun များဖြင့် တန်ပြန်အသုံးပြုတိုက်ခိုက်ခဲ့မှုကြောင့် ၎င်းတို့၏ Drop ဗုံးသီးများ ဝန်းကျင်ကျေးရွာများအနီး ကျရောက်ပေါက်ကွဲခြင်းများရှိကြောင်းနှင့် တပ်မတော်မှ ယင်းနေ့ရက်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခြင်းမရှိကြောင်း သိရှိရသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာ နှစ်ရွာကို ဒီဇင်ဘာ ၂၈ ရက် ညပိုင်းတွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူ ငါးဦး သေဆုံးပြီး ကလေးငယ် နှစ်ဦးပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media မှ ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ ဘူးသီးတောင်မြို့နယ်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား AA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိကြောင်း သိရှိရသည်။




အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် AA သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ နိုင်ငံတကာစာမျက်နှာများတွင် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် တစ်ဖက်သတ်စွပ်စွဲကာ သတင်းမှားများ လုပ်ကြံဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ ဘုန်းကြီးကျောင်းပိုင် ငွေကျပ် ၁၇ သိန်းနှင့် ဖုန်းတစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မလာယူသွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာ အုပ်စုရှိ လင်းရောင်ခြည်ဘုန်းကြီးကျောင်းသို့ ဒီဇင်ဘာ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လာရောက်ပြီး ကျောင်းပိုင်ငွေကျပ် ၁၇ သိန်းနှင့် ဖုန်းတစ်လုံးအပါအဝင် စားသောက်စရာအချို့ကို အဓမ္မယူဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ လင်းရောင်ခြည်ဘုန်းကြီးကျောင်းကို ဒီဇင်ဘာ ၂၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ပြည်သူ့စစ်ထဲသို့ မဝင်သူများကို တစ်အိမ်ထောင်လျှင် ငွေကျပ်သုံးသောင်းပေးနေရကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့ရှိ ဒေသခံများအနေဖြင့် ပြည်သူ့စစ်ထဲသို့ ဝင်ရောက်ကြရန် မဝင်ရောက်လိုသူများအနေဖြင့် ပြည်သူ့စစ်များအတွက်စရိတ်ဟုဆိုကာ တစ်အိမ်ထောင်လျှင် ငွေကျပ်သုံးသောင်းပေးနေရကြောင်း၊ ပြည့်သူ့စစ်ထဲသို့ ဝင်ရောက်မည်ဆိုပါက တစ်လလျှင် ငွေကျပ်သိန်း ၃၀ နှင့် မိသားစုအတွက်ပါ ထောက်ပံ့ပေးမည်ဟု စည်းရုံးမှုများ ရှိနေကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားမှုနှင့် မြေပြင် စုံစမ်းတွေ့ရှိချက်များအရ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ဒေသခံပြည်သူများအား ပြည်သူ့စစ်တပ်ဖွဲ့သို့ ဝင်ရောက်ရန် စည်းရုံးခြင်းနှင့် ငွေကြေးကောက်ခံမှုများ မရှိကြောင်း သိရှိရပြီး ၎င်းသတင်းမှာ ဝါဒဖြန့်သတင်းအမှားတစ်ခုဖြစ်သည်။

**ခုခံတိုက်ခိုက်လျက်ရှိ**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများကို အခွင့်ကောင်းယူ၍ မြို့၊ ရွာများတွင် နေအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ လူသတ်၊ မိုင်းခွဲခြင်းနှင့် ငွေကြေးတောင်းခံမှုများကိုလုပ်ဆောင်နေခြင်းကြောင့်ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့များနှင့် အတူလက်တွဲ၍ အကြမ်းဖက်သောင်းကျန်းသူများကို ခုခံတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။




သတင်းစဉ်

ကြေးမုံ အယ်ဒီတာ့ထံပေးစာ

# မြန်မာနိုင်ငံတော်သစ်ကို လက်ဆောင်ပေးရန်အချိန်

အယ်ဒီတာခင်ဗျာ

ရှမ်းမြောက်၊ ကယား၊ ကရင်၊ ကချင်၊ ချင်း၊ ရခိုင်၊ စစ်ကိုင်း၊ ပဲခူး ဒေသအချို့မှ တိုက်ပွဲတွေ။ သူ့ဘက်က ကျဆုံးမှုများရှိသလို မိမိတို့ဘက်ကလည်း ပေးဆပ်ရမှုများကြောင်း သတင်းများအရ သိရသည်။ ဘာပဲဖြစ်ဖြစ် စစ်ကို နိုင်အောင်တိုက်ရမည်သာ။ ရုရှား – ယူကရိန်းစစ်ပွဲ၊ အစ္စရေး – ဟားမတ်စ် စစ်ပွဲတို့ကို နမူနာကြည့်လျှင် နောင်ခေါင်းမထောင်နိုင်အောင် ဦးချိုးထားရန် အရေးကြီးကြောင်း စစ်ပွဲသဘောတရားကို အားလုံးသိပြီးဖြစ်သည်။ ရှိသမျှစည်းစိမ် ပုံအောသည်ပဲ ဖြစ်ဖြစ်၊ ရှိသမျှအင်အားကို သိမ်းကျုံးစုစည်းပြီးဖြစ်ဖြစ် သောင်းကျန်းသူအားလုံးကို သုံးနှစ်သုံးမိုးမက ဆယ်နှစ်ဆယ်မိုး ချို(ဂျို) မကြွရဲအောင်၊ ခေါင်းမထောင်နိုင်အောင် ချိုးနှိမ်ပစ်ရမည်သာ။ ကမ္ဘာ့အဆင့် ၃၈ ရှိ မြန်မာ့တပ်မတော်ဆိုတာ ပေါ့သေးသေးမဟုတ်ကြောင်း၊ သာမန်အထက်ရှိကြောင်း လက်တွေ့ပြသရန် အချိန်ရောက်ပါပြီ။ မြန်မာ့အခက်သူ့တို့အချက်သဖွယ် အခွင့်အခါကောင်းကို စောင့်နေပြီး နားရွက်ကို တံတွေးဆွတ်ချင်နေသော၊ တောမီးလောင် တောကြောင်လက်ခမောင်းခတ် လုပ်ချင်နေသော အနီးပတ်ဝန်းကျင်နိုင်ငံများအပါအဝင် နိုင်ငံအားလုံးကို အစွမ်းတစ်ကြိမ်၊ မြန်မာ့တပ်မတော်အစွမ်း ပြသပေးရန်လိုပါပြီ။

ဒီစစ်ပွဲအတွက် နိုင်ငံအတွင်း ရှိသမျှငွေကြေး ဘယ်နေရာမှာရှိရှိ အကုန်သုံးပစ်လိုက်လို့ရသည်။ ပုံအောပစ်လိုက်ဦး၊ စစ်ပွဲပြီးလျှင် ပြန်ရှာနိုင်သည်။ အင်အားရသလောက် ပြန်စုစည်းလို့ရသည်။ ပြည်သူ့စစ်မဟာဗျူဟာကို ပြန်အသက်သွင်းရမည်။ လိုအပ်လျှင် အသက် ၃၀ – ၄၀ ကြား တိုက်ခိုက်ရေးဆင်နွှဲလိုသော စစ်သားဟောင်းများ အသင့်ရှိသည်။ အသက် ၄၀–၅၀ ကြား၊ အသက် ၅၀–၆၀ ကြား ကင်းစောင့်၊ တပ်စောင့်သာမက ငါမအိုသေးဆိုသည့် စစ်သားဟောင်းများ များစွာရှိသည်။ သူတို့အားလုံး အရန်အင်အားအဖြစ် အမြဲတိုက်ပွဲဝင်လိုသော စိတ်ဓာတ်၊ Once a Gunner, Always a Gunner ဆိုသည့် စိတ်ဓာတ်ဖြင့် ခံပြင်းစွာ တိုက်ပွဲဝင်အသင့်ဖြစ်နေကြသူများကို နီးစပ်ရာတပ်စခန်း သတင်းပို့ပါဆိုသည်နှင့် ၂၄ နာရီအတွင်း အများအပြား သတင်းပို့လာလိမ့်မည်။ အဝေးမှ စစ်သတင်းများကို ကြိတ်မနိုင်ခဲမရဖြင့် တစိမ့်စိမ့်မကျေနိုင်၊ မချမ်းနိုင်ဖြစ်နေသမျှ ဒါမှ စိတ်ချမ်းသာရလိမ့်မည်။ တိုက်ပွဲပြီးမှ နားမည်။ အရှိန်ကုန်ရင်၊ အချိန်တန်လျှင် ပြည်တွင်းသောင်းကျန်းမှုတိုက်ပွဲများ ရပ်တန့်သွားမည်ကို သိသော်လည်း မြန်မြန်ရပ်တန့်သွားပါက တစ်နိုင်ငံလုံး မြန်မြန်စိတ်အေးချမ်းမည်။ အနားရမည်။ တိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းကို အမြန်ရှာဖွေနိုင်မည်။

စစ်ပွဲဆင်နွှဲရန် အလှူငွေများ ကောက်ခံလိုပါကလည်း ငွေကြေးသာမက ပိုင်ဆိုင်သမျှ ကျောက်မျက်ရတနာများ၊ စည်းစိမ်များ လှူဒါန်းထည့်ဝင်မည့်သူများ တစ်နိုင်ငံလုံးတွင် အသင့်ရှိသည်။ နိုင်ငံသားအားလုံးက သောင်းကျန်းမှု စစ်မီးကြား အိပ်ကောင်းခြင်း မအိပ်ရ၊ အလုပ်လုပ်ကောင်းခြင်း မလုပ်ရ၊ သွားကောင်းခြင်း မသွားရဖြင့် အတောမသတ်နိုင်သည့်အတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုကို ရင်နှင့်အောင် လိုလားနေကြသည်။ ဒါကို အခုအချိန် ဖြည့်ဆည်းပေးပြီး ပြီးလျှင် နိုင်ငံကို ၁ မှ စတင်ထူထောင်မည်လား ရသည်၊ ၂ မှ စထူထောင်မည်လား ရသည်။

နည်းပညာဆိုသည် ငွေရှိလျှင် ဝယ်လို့ရသည်သာ။ မီးကုန်ယမ်းကုန်ဆင်နွှဲမည့် စစ်ပွဲအတွက် နည်းပညာမြင့်၊ စွမ်းပကားကောင်းသော စစ်လက်နက်ပစ္စည်းများ အမြန်ဖြည့်ဆည်းပြီး တိုက်ပွဲဝင်အသင့်ဖြင့် ဘူမသိကိုးမသိ ရန်စလာသော လက်နက်ကိုင်များအားလုံး နောင်ကြဉ်သွားအောင် လုပ်ရမည့်အချိန်သည် ယနေ့၊ ယခု၊ လတ်တလောဖြစ်သည်ကို အားလုံးသိကြမည်သာ။ ခေတ်မီလက်နက်များ စုစည်းပြီး ပြန်လည်တုံ့ပြန်မှုဖြင့် သုံးလေးလအတွင်း စစ်ပွဲများ ပြီးဆုံးသွားအောင်၊ ရန်သူများ နာလန်မထူအောင် အပြီးတိုင် ချေမှုန်းပစ်ရမည်။

ပြီးလျှင်တော့ မိမိတို့သည် လီကွမ်ယုပုံစံနိုင်ငံကြီးပဲဖြစ်ဖြစ်၊ တိန့်ရှောင်ဖိန်ပုံစံ နိုင်ငံကြီးပဲဖြစ်ဖြစ်၊ ဟိုချီမင်းပုံစံ နိုင်ငံကြီးပဲဖြစ်ဖြစ်၊ မြန်မာ့ပုံစံ ပုံစံသစ်ပဲဖြစ်ဖြစ် မီးပုံထဲက ထလာသည့် ဖီးနစ်ငှက်လို နိုင်ငံထူထောင်ရေးအတွက် (၁) မှစတင်ဖို့ သွားရမည်။ အခုအချိန်မှာတော့ ပြည်တွင်းသောင်းကျန်းမှုစစ်မီးကြီး ရပ်တန့်သွားရေးသည် နံပါတ် (၁)၊ နံပါတ် (၂)၊ နံပါတ် (၃) မှ နံပါတ်စဉ်အားလုံး အရေးအကြီးဆုံးတွင် ထားရမည်။ ဒီထက်အရေးကြီးတာ ဘာမှမရှိ။ သူများတွေလည်း တည်ငြိမ်အေးချမ်းသွားချိန်တွင် နိုင်ငံတည်ဆောက်ရေး၊ ထူထောင်ရေးအတွက် ဆယ်နှစ်၊ ဆယ်မိုး အချိန်ယူခဲ့သည်သာ။ ခေတ်မီတိုးတက်သော နိုင်ငံသာဖြစ်လျှင်၊ လူတိုင်းဝမ်းဝနေလျှင် စနစ်ကအရေးမကြီးကြောင်း ကမ္ဘာကြီးသက်သေရှိသည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကာလ အခါသမယတွင် တည်ငြိမ်အေးချမ်းသွားသော မြန်မာနိုင်ငံတော်သစ်ကို နိုင်ငံသူနိုင်ငံသားများထံ လက်ဆောင်ပေးရန် အချိန်ရောက်ပြီဟု အယ်ဒီတာမှတစ်ဆင့် ရေးသားတင်ပြလိုက်ရပါသည်။

ရန်သူကို နေလိုမီးလို ကျင့်ရပါမည်။
ရဲစွမ်းသတ္တိရှိသော တပ်မတော်ကြီးနှင့် ကျွန်တော်တို့ အတူရှိပါသည်။

**မောင်ဆွေ**
**ရန်ကုန်မြို့**
၂၉–၁၂–၂၀၂၅

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Su Mana” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက်နေ သန်းဌေးအား မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Min Min Thiha” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဘီးလင်းတန်းရပ်ကွက်နေ သန်းမြတ်စိုး(ခ) မြတ်ကြီးအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၉



ရန်ကုန် တိုင်းဒေသကြီး နယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်းကို ဒီဇင်ဘာ ၄ ရက်မှ စ၍ ခရိုင်နယ်မြေများအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်တွင် မှော်ဘီမြို့နယ် ရပ်/ ကျေး ၂၁ ခုမှ ပြည်သူ ၅၃၇ ဦး၊ သာကေတမြို့နယ် ရပ်ကွက် ၁၄ ခုမှ ပြည်သူ ၄၈၄ ဦး၊ ဗိုလ်တထောင်မြို့နယ် ရပ်ကွက်ခြောက်ခုမှ ပြည်သူ ၄၀၅ ဦး၊ ကမာရွတ်မြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၄၃၀ စုစုပေါင်း ပြည်သူ ၁၈၅၆ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

**ဆောင်ရွက်သွားမည်ဖြစ်**

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မြို့နယ် ၄၀ တို့မှ စုစုပေါင်း မဲဆန္ဒရှင်ပြည်သူ ၃၇၈၁၄ ဦးတက်ရောက်လက်တွေ့စမ်းသပ် မဲပေးလေ့လာခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၃၀ ရက်တွင် ထန်းတပင်မြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လှိုင်မြို့နယ်နှင့် ဗဟန်းမြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၅/၂၀၂၃) သင်တန်းဆင်းပွဲ တက်ရောက်





**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၅/၂၀၂၃)ရဲသူရတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ဇော်မျိုးသက်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စီစီခိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇော်မျိုးသက်၊ အင်္ဂလိပ်စာ ဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ညီညီဇင်နှင့် ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇော်မျိုးသက် တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင် ကြရမည့်သူများ ဖြစ်သည့်အတွက် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ရပ်နှင့်အညီ မိမိလက်အောက်ကို ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို အလေးထားပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးကို နောင်တော် တပ်မတော်နှင့်အတူ ဆောင်ရွက်နေကြတာ ဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် လုံခြုံရေး ကျိုးပေါက်မှုများမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသောကြောင့် ပြည်သူလူထုအတွင်း ကိုယ်ချင်းစာတရားနှင့် စေတနာတို့ထားရှိကာ ကောင်းမွန်သောဝန်ဆောင်မှုဖြင့် မှုခင်းအသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီး ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်ကိုအမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါး ပပျောက်သည်အထိ တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်အရေးယူရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်နှင့် လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စိတ်အား ထက်သန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်တိုင်း စွမ်းရည်ပြည့်ဝ ထက်မြက်နေစေရန် အတွက် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့် အညီပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်း စနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများ ကို စဉ်ဆက်မပြတ်လေ့လာနေရန် လိုအပ်ကြောင်း၊ တပ်ဖွဲ့ဝင်အားလုံး လေ့ကျင့်သားပြည့်ဝနေစေရန် တပ်ဖွဲ့အလိုက် တစ်ဦးချင်းကိုင်တွယ်ရမည့် လက်နက်နှင့် ရဲတပ်ဖွဲ့သုံး ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်ရေး လိုအပ်သည့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲတိုးတက်နေမှုနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် အင်္ဂလိပ်ဘာသာစကား အပါအဝင် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်၊ နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း ပိုမိုတိုးတက်ကျွမ်းကျင်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အမျိုးသမီး ရဲအရာရှိများအနေဖြင့်လည်း မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကိုအခြေခံပြီး လက်တွေ့ဘဝနှင့်ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သင်တန်းကျောင်းများက သင်ကြားလေ့ကျင့်ပေးမှုများနှင့် ကိုယ်တိုင်အားထုတ်မှုများက ရရှိလာသည့်လေ့လာ၊လေ့ကျင့်မှုများကို သင်တန်းကာလအတွက်သာမဟုတ်ဘဲ စဉ်ဆက်မပြတ် လိုက်နာ ကျင့်သုံးသွားကြရန် အလေးနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၁၅) ရဲသူရတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၁၉၉ ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၃၄၁ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချနည်းပညာကဏ္ဍ မြှင့်တင်ဆောင်ရွက်



**မကွေး ဒီဇင်ဘာ ၂၉**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်း၌ ကွန်ပျူတာတက္ကသိုလ်(မကွေး)သို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ စာတတ်မြောက်ရေး “ဝထကလသ” Application ရေးဆွဲဆောင်ရွက်မှုနှင့် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများနှင့် တက္ကသိုလ်ဆိုင်ရာ အချက်လက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြည်သူ့အကျိုးပြု အမျိုးသားရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် အမှန်တကယ် အထောက်အကူပြုနိုင်မည့် လက်တွေ့အသုံးချ သတင်းအချက်အလက် နည်းပညာကဏ္ဍကို ထိရောက်ပီပြင်စွာ မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၌ ရွှင်လန်းချမ်းမြေ့စွာ သင်ယူလေ့လာလျက်ရှိကြသော ကျောင်းသားကျောင်းသူများကို ကြည့်ရှုအားပေး ပြီး နိုင်ငံ့အကျိုးပြု IT ပညာရှင်ကောင်းများဖြစ်စေရေး ကြိုးပမ်းစွမ်းဆောင်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (မကွေး)သို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက တိုင်းကျိုးပြည်ပြု နည်းပညာရှင်ကောင်းများကို အရည်အသွေးပြည့်မီစွာ ပျိုးထောင် မွေးထုတ်နိုင်ရေး အလေးထား ဆောင်ရွက်ရန် တိုက်တွန်းမှာကြားကာ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများရှိ အလုပ်ရုံများ၌ ကြည့်ရှုစစ်ဆေး၍ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အထောက်အကူပြုသည့် လက်တွေ့လုပ်ငန်းများဖြင့် လှုပ်ရှားသက်ဝင်နေသော အလုပ်ရုံများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ MSMEs လုပ်ငန်းရှင်များထံ နည်းပညာဖြန့်ဝေမှုများကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်၊ လျှပ်စစ်သုံးယာဉ်ကို စက်မှုလယ်ယာကဏ္ဍ၌ အသုံးချနိုင်ရေးနှင့် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍကို မြှင့်တင်အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းတွင်းအဆောင်များ၌ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၌ မိမိတို့တတ်ကျွမ်းသော နည်းပညာများဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အနာဂတ်မျှော်လင့်ချက်ကြယ်ပွင့်လေးများပီပီ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့လူငယ်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာဖတ်ဝိုင်း ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို စာဖတ်ဝိုင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ ပူးပေါင်း၍ ယမန်နေ့မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ အသင်းနာယက ဆရာကြီးဦးရန်နောင်(ရန်နောင်-ပညာရေး)တို့က အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်စာရေးဆရာအသင်းဝင်များဖြစ်ကြသည့် မော်ကျွန်းရဲခိုင်၊ မောင်ပန်းဝေ(ညောင်တုန်း)၊ ဇော်ထူးနိုင်နှင့် ရန်မိုးအောင်(အင်းစိန်)တို့က လွတ်လပ်ရေးနှင့် ပတ်သက်သော စာပေဘဝ အတွေ့အကြုံများကို ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**စစ်တွေ ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃) ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်မီစွာကောက်ခံရရှိရေး အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ ဆက်သွယ်ရေးကိစ္စရပ်များ၊ ခရီးသွားလာခွင့်ဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးများက လုပ်ငန်းအလိုက် ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)



# ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးပေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တော်ခရမ်းအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ယင်းသို့ ထုတ်ချေးရာတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ရန်ပုံငွေထုတ်ချေးသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ နေကြာစိုက်တောင်သူ ၂၄ ဦးထံသို့ စီမံကိန်းရန်ပုံငွေပေးအပ်ခြင်းကို လိုက်ပါကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ကိုဇင်(ပြန်/ဆက်)

# နှစ်သစ်ကူးအတွက် ခရီးသွားလာမှုများပြားသော အထင်ကရနေရာများမှ ဈေးအသင့်အတင့်ရှိဟိုတယ်များတွင် အခန်းများကြိုတင်မှာယူမှု ပြည့်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံရှိ ခရီးသွားလာမှုများပြားသော အထင်ကရနေရာများရှိ ဈေးအသင့်အတင့်ရှိ ဟိုတယ်များတွင် နှစ်သစ်ကူးကာလ ခရီးသွားဧည့်သည်များ ကြိုတင်မှာယူမှုများသည့်အတွက် အခန်းများပြည့်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်နောင်းဟန်က ပြောသည်။

လက်ရှိတွင် ပြည်တွင်းခရီးသွားများ အနေဖြင့် ပုဂံ၊ ငွေဆောင်၊ ချောင်းသာဒေသများမှ ဈေးအသင့်အတင့်ရှိသည့် ဟိုတယ်များတွင် ကြိုတင်မှာယူမှုပြည့်နေပြီဟု ၎င်းကပြောသည်။

"ပုဂံ၊ ငွေဆောင်၊ ချောင်းသာက ဈေးအသင့်အတင့်ရှိတဲ့ ဟိုတယ်တွေမှာ ကြိုတင်မှာယူမှု ပြည့်နေပါပြီ။ ဈေးနှုန်းတွေအနေနဲ့ တစ်သိန်းအောက်အခန်းတွေ၊ တစ်သိန်းဝန်းကျင်အခန်းတွေမှာ နှစ်သစ်ကူးအတွက် ကြိုတင်ဝယ်ထားကြတာပါ။ တချို့ဟိုတယ်တွေမှာ ဈေးများပြီး မတတ်နိုင်ကြတဲ့ ဧည့်သည်အချို့ရှိပေမယ့် အခန်းလွတ်တွေရှိနေသေးတယ်" ဟု ၎င်းက ပြောသည်။

**ဝင်ရောက်မှုနည်းပါး**

ယခင်နှစ်များတွင် နှစ်သစ်ကူးကာလများ၌ ခရီးသည်ဝင်ရောက်မှုများပြားခဲ့သည့် ငပလီကမ်းခြေ၌ လက်ရှိအချိန်တွင် ဒေသတွင်းမတည်ငြိမ်မှုများကြောင့် ခရီးသည်ဝင်ရောက်မှုနည်းပါးဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ပြည်တွင်းခရီးသွားများခဲ့ပြီး ဒေသတွင်းမတည်ငြိမ်မှုများကြောင့် နိုဝင်ဘာလမှ ဒီဇင်ဘာလဆန်းပိုင်းအထိ ပြည်တွင်းခရီးသွားကျဆင်းသွားခဲ့သော်လည်း ဒီဇင်ဘာလကုန်ပိုင်းတွင် ခရီးသွားဦးရေ ပြန်လည်များပြားလာခဲ့ပြီး ယခုကဲ့သို့ ဆက်လက်သွားမည်ဆိုပါက ၂၀၂၄ ခုနှစ် နှစ်သစ်ကာလတွင်လည်း ခရီးသွားဦးရေ ဆက်လက်များပြားလာနိုင်သည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောသည်။

ထို့အပြင် ပြည်ပသို့ ခရီးသွားလာမှုအနေဖြင့် ၂၀၂၄ခု နှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်မှုများပြားနိုင်ပြီး ဖေဖော်ဝါရီလအတွင်း ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ်သွားလာမှုလည်း များပြားနိုင်ကြောင်း သိရသည်။

MT

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၂၉**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းရေးရာဌာန ဌာနမှူးက မောင်မယ်သစ်လွင်များအား တက္ကသိုလ်စည်းကမ်းနှင့် တက္ကသိုလ်ပညာသင်ယူနေစဉ် လိုက်နာမှတ်သားရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။



**ချီးမြှင့်ပေးအပ်**

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား/စီမံဌာနမှူးများ၊ ဌာနတာဝန်ခံများ၊ မော်ကွန်းထိန်း၊ လက်ထောက်မော်ကွန်းထိန်း၊ စာကြည့်တိုက်မှ တာဝန်ရှိသူများ၊ စီမံ/ဘဏ္ဍာ၊ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများက ပထမနှစ်သင်ကြားသည့် ဆရာဆရာမများနှင့် တစ်ဦးချင်းမိတ်ဆက်ခဲ့ကြပြီး တက္ကသိုလ်ဝင်ခွင့်ရအမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးနှင့် သင်တန်းနှစ် အသီးသီးမှ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ကိုးဦးတို့အား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်သစ်လွင် (Mister UCMT) နှင့် မယ်သစ်လွင် (Miss UCMT) များ ရွေးချယ်ပြီး စလွယ်၊ စတားနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကောလိပ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးက မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ထို့နောက် အထူးပြုဘာသာရပ်များမှ ပါမောက္ခ/ဌာနမှူးများက ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

**မဲပေးရွေးချယ်**

ဆက်လက်၍ စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘာသာရပ်၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာဘာသာရပ်၊ သတင်းအတတ်ပညာဘာသာရပ်၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဘာသာရပ်အသီးသီးမှ ကျောင်းသားကျောင်းသူများက အဆို၊ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။ အခမ်းအနားတွင် ယခုပညာသင်နှစ်အတွက် King နှင့် Queen အား ကျောင်းသား ကျောင်းသူများက မဲပေးရွေးချယ်ခဲ့ကြသည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ မော်ကွန်းထိန်း၊ မောင်မယ်သစ်လွင်ကျောင်းသား ကျောင်းသူ ၄၆၀ နှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

NMDC



## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

ထန်းတပင် ဒီဇင်ဘာ ၂၉

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သီတာက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာသန္တာ၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီးဒေါက်တာသဇင်လွင်နှင့်ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာရင်ရင်လွင်၊ ဌာနမှ ပါမောက္ခများနှင့် တွဲဖက်ပါမောက္ခများက ကြိုဆိုနှုတ်ခွန်းဆက်စကားများပြောကြားသည်။

ထို့နောက် အနောက်ပိုင်းတက္ကသိုလ်ရှိ အရာထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား မိတ်ဆက်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ ကျင်းပ

ကွမ်းခြံကုန်း ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ၂၈ ရက်ညနေပိုင်းက ကွမ်းခြံကုန်းမြို့နယ် မဟာတိလောကမှန်ကူသွန်းဘုရားကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဦးဇယန္တက ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာအားရွတ်ဖတ်ပူဇော်၍ သံဃနာယကဥက္ကဋ္ဌဆရာတော် ဦးပဏ္ဍိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်ပြီး ကွမ်းခြံကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက သာသနာရေးဆိုင်ရာလျှောက်ထားကာ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက ပဋ္ဌာန်းပစ္စယနိဒ္ဒေသအား သုံးကြိမ်ရွတ်ဖတ်ပူဇော်ခြင်းများဆောင်ရွက်၍ အလှည့်ကျ ပဋ္ဌာနဘာဏက ဆရာတော်များက



ပဋ္ဌာန်းတော်ကြီးအား ဆက်လက်ရွတ်ဆိုသည်။

အသံမစဲမဟာပဋ္ဌာန်း ကျမ်းမြတ်ရွတ်ဖတ်ပွဲဖွင့်ပွဲအား ဒီဇင်ဘာ ၂၈ ရက်မှစ၍ ငါးရက်တိုင်တိုင် ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

## ဥဿျစ်ပင်မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပူးပေါင်းလေ့ကျင့်

ပန်းတောင်း ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ ဥဿျစ်ပင်မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပူးပေါင်းလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါဈေးရှေ့၌ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဝေဟိန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စနစ်တကျကြိုတင်ဆောင်ရွက်ထားရှိရန်တို့ကို ပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးစနစ်တကျအသုံးပြု မီးငြိမ်းသတ်နည်းတို့ကို ရှင်းလင်းပြသကာလက်တွေ့ပူးပေါင်းလေ့ကျင့်ခြင်းများနှင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံများကို သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများက ပူးပေါင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

## မြန်မာနိုင်ငံ၏ ပထမဆုံးအဖြစ် အသွင်ဆန်းပြားသော မြန်မာ့အနုပညာ ကနုတ်ဒီဇိုင်းနှင့် Electronic Music ကို ပေါင်းစပ်ပုံဖော်ဖန်တီးထားသည့် စတိတ်စင်ကို Yangon New Year Countdown ပွဲကြီးတွင် အသုံးပြုမည်



ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ၏ ပထမဆုံးအဖြစ် မြန်မာ့အနုပညာ ကနုတ်ဒီဇိုင်းနှင့် Electronic Music ကို ပေါင်းစပ်ပုံဖော်ဖန်တီးထားသည့် စတိတ်စင်ကို Yangon New Year Countdown ပွဲကြီးတွင် အသုံးပြုသွားမည်ဟု စတိတ်စင်ကို ပုံဖော်ဖန်တီးသည့် Stage Design by Art of Nature မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**တွေ့မြင်ခံစားနိုင်**

Yangon New Year Countdown ပွဲကြီးကို ဒီဇင်ဘာ ၃၀ ရက် မှ ၃၁ ရက်ထိ ရန်ကုန်မြို့ရှိ Thuwanabumi Event Park ၌ ကျင်းပမည်ဖြစ်ကာ ပွဲတွင် အသုံးပြုမည့် အဆိုပါစတိတ်စင်သည် Electronic Music နှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာအငွေ့အသက်တို့ ပေါင်းစပ်မှုတို့ကို တွေ့မြင်ခံစားနိုင်စေရန် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ကနုတ်ပါ။ ကနုတ်ကိုမှအများကြီးရှိတယ်။ ထိုင်းနိုင်ငံမှာလည်းရှိတယ်။ တရုတ်မှာလည်းရှိတယ်။ နိုင်ငံတိုင်းရဲ့ရိုးရာမှာ ဒီလိုဒီဇိုင်းကတော့ ရှိကြတယ်။ ဒါပေမဲ့ ကျွန်မတို့ယူထားတာ မြန်မာ့ကနုတ်လက်ရာနဲ့ပါ။ ဒါက မြန်မာ့ယဉ်ကျေးမှုနဲ့ပေါင်းစပ်ထားတာ အများသိအောင်ဖြန့်ချင်တဲ့သဘောပါ။ အဓိကက မြန်မာ့ယဉ်ကျေးမှုအနုပညာကိုပြချင်တဲ့သဘောပေါ့။ တော်ရုံလူတွေအနေနဲ့ကတော့ ဒီနှစ်ခုကို တွဲပြီးမြင်နိုင်ဖို့ကခက်ခဲတယ်လေ"ဟု ၎င်းကဆိုသည်။

Yangon New Year Countdown ပွဲတွင် ပြည်တွင်းနှင့် ပြည်ပမှ ဂီတပညာရှင်များ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

သစ်တော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၅၀ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၀ | ၂၆၀၅ | ၂၅၈၅ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၇၀ | ၂၉၀၀ |
| 95 Ron | ၂၆၅၅ | ၂၇၀၅ | ၂၇၀၅ | ၂၆၆၅ | ၂၇၀၅ | ၂၇၂၅ | ၂၇၃၀ | ၂၆၉၀ | ၂၇၉၀ | ၂၈၀၅ | ၂၆၉၅ | ၂၇၃၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၈၀၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၂ | ၂၅၁၄ |
| 95 Ron | ၂၅၃၃ | ၂၆၁၈ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပန်းတနော်မြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ

ပန်းတနော် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အခြေခံပညာဦးစီးဌာနမှ ကျင်းပသည့် ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အထက (၁) မြတ်ပညာခန်းမ၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ ပြိုင်ပွဲများပြုလုပ်ရာတွင် ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များ အသိပညာဗဟုသုတများ ရရှိစေရန်နှင့် နေ့ထူးနေ့မြတ်များအကြောင်းသိရှိစေရန် ရည်ရွယ်၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပန်းတနော် မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသူများအား (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်
**M.B.,B.S, M.R.C.P(UK),F.R.C.P(Ed)**
**Hon. Dr.Med.Sc (General Medicine)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန**
**ဆေးပညာထူးချွန်တံဆိပ်(ပထမအဆင့်)**
**နာယကကြီး(မြန်မာနိုင်ငံဆေးကောင်စီ)**
### အသက်(၈၁)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်သည် ၂၉-၁၂-၂၀၂၃(သောကြာနေ့) နံနက် ၆:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**
### အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်လဲ့လဲ့ယု၏ ချစ်လှစွာသောခင်ပွန်း၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ပါမောက္ခဒေါက်တာ မောင်မောင်ဝင့် အသက်(၈၁)နှစ်သည် ၂၉-၁၂-၂၀၂၃(သောကြာနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**
### အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်လဲ့လဲ့ယု၏ ချစ်လှစွာသောခင်ပွန်း၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ပါမောက္ခဒေါက်တာ မောင်မောင်ဝင့် အသက်(၈၁)နှစ်သည် ၂၉-၁၂-၂၀၂၃(သောကြာနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများ**
**ဆေးသုတေသနဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်၊ သဇင်(၃)လမ်း၊ အမှတ်(၂၄)နေ ဒေါ်အေးအေးအောင် PMA-၂၆၉၄၆၁၊ ဒေါ်ခင်အေး၊ ဒေါ်စန်းရီနှင့် ဦးမျိုးဝင်းတို့ထံမှ ၎င်းတို့လက်ရှိ နေထိုင်ပိုင်ဆိုင်သော သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်၊ သဇင်(၃)လမ်း၊ အမှတ်(၂၄)ဟုသည့် (၆၀ပေx၇၀ပေ)ခန့် ကျယ်ဝန်းသော မြေကွက်နှင့်နေအိမ်တို့ကို ကျွန်ုပ်တို့၏အမှုသည်က ဝယ်ယူရန်အတွက် တန်ဖိုးငွေ တချို့တစ်ဝက်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွန်း B.A.(Law),LL.B** — **ဒေါ်သွဲ့ဦးမွန်(ငယ်ငယ်),LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၀၉/၈၂)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၀/၁၃)**
**အမှတ်(၃)ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၄၄၀၆၇, ၀၉-၅၁၄၃၆၄၄, ၀၉-၄၂၁၄၄၄၃၂**




## ဦးစန်းမောင်(ခ)ဦးနီ
**(၅၀၂-တပ်မတော်လေ-အငြိမ်းစား)**
**(လေ-၉၂၅၁)**
### အသက်(၈၃)နှစ်

အမှတ်-၂၀၆၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်နေ (အဖ ဦးတင်ညွှန့်-အမိ ဒေါ်လှရှင်)တို့၏သား၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးမျိုးဝင်းထွန်း-ဒေါ်စန်းစန်းငြိမ်း(ထွန်းအောင်ဝပ်ရှော့)၊ ဒေါ်အေးအေးမွန်၊ ဦးဇော်ဝင်းထွန်း(US Embassy)-ဒေါ်မေမြတ်မွန်(သုခကမ္ဘာ Pharmacy)၊ ဦးနိုင်ဝင်းထွန်းတို့၏ဖခင်၊ မဟေရီဝင်း၊ မမေမျိုးမြတ်၊ မကြည်လင်းမေ၊ မချောသီရိထွန်းတို့၏ အဘိုးသည် ၂၈-၁၂-၂၀၂၃(ကြာသပတေးနေ့)ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၂၃(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာမောင်မောင်ဝင့်
### အသက်(၈၁)နှစ်

မြန်မာနိုင်ငံဆေးကောင်စီ နာယက တစ်ဦးဖြစ်သူ ပါမောက္ခဒေါက်တာမောင်မောင်ဝင့်သည် ၂၉-၁၂-၂၀၂၃(သောကြာနေ့)နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆေးကောင်စီ**
**ရုံးဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## Dr. ဦးမျိုးသူရ
**(သွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဆရာဝန်)**
### အသက်(၄၉)နှစ်

ပုသိမ်မြို့၊ အမှတ်-၃ရပ်ကွက်၊ စကားဝါလမ်း(524)နေ ဒေါက်တာအေးစန္ဒာညွှန့် (ကင်ဆာအထူးကုဆရာဝန်ကြီး) ပုသိမ်ဆေးရုံကြီး၏ခင်ပွန်း၊ မရှင်မင်းသန့်၏ဖခင်၊ မိုးညင်းမြို့၊ နန့်စီအောင်ရွာသာယာနေ(ဦးအေး)-ဒေါ်မြသန်းတို့၏သားဖြစ်သူသည် ၂၇-၁၂-၂၀၂၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Dr.ဦးကြည်ဖေ-တိုင်း/အတွင်းရေးမှူး (MMA-AYEYARWADDY)**

## ကန့်ကွက်နိုင်ပါသည်

သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၂၀)နေ ဦးမျိုးမြင့်အောင်[၁၂/သလန(နိုင်)၀၇၇၉၄၃]၊ ဒေါ်သီတာ [၁၂/သလန(နိုင်)၀၉၁၆၇၀]တို့ထံမှ ၎င်းတို့လက်ရှိ ပိုင်ဆိုင်သော သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၁၉) ဟုသည့် (၄၀ပေx၈၀ပေ)ခန့် ကျယ်ဝန်းသော မြေကွက်ကို ကျွန်ုပ်တို့၏အမှုသည်က ဝယ်ယူရန်အတွက် တန်ဖိုးငွေ တချို့တစ်ဝက်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ(၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွန်း B.A.(Law),LL.B** — **ဒေါ်သွဲ့ဦးမွန်(ငယ်ငယ်),LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၀၉/၈၂)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၀/၁၃)**
**အမှတ်(၃)ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၄၄၀၆၇, ၀၉-၅၁၄၃၆၄၄, ၀၉-၄၂၁၄၄၄၃၂**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ မြေကွက်အမှတ်(၅၂၉/က)၊ ဝေပုလ္လ(၁)လမ်း၊ အပိုင်-၈၊ (၂၀)ရပ်ကွက်၊ ဦးသိန်းမောင်ပါမစ်အမည်ပေါက် အကျယ်အဝန်း (အလျား၂၀x အနံ၆၀)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ လက်ရှိပိုင်ဆိုင်သူ ဒေါ်တင်တင်ခိုင် [၁၂/လမန(နိုင်)၀၀၇၇၈၂]ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၃၃)**
**အမှတ်-(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၁၅၆၄၆၄၅**

## ဒေါ်ရီရီ (Nelly Thant) ရီမြင့်ရပ်ရှင်
**BA (Geography)**
**(၁၉၃၃-၂၀၂၃)**
### အသက်(၉၂)နှစ်

မန္တလေးမြို့ ဒါးတန်းရပ် ဒါးတန်းဝင်းနေ (ဦးသန့်-ဒေါ်အေးမြင့်)တို့၏ သမီး၊ ဒေါ်ညွှန့်ညွှန့်၊ (ဦးကိုကိုကြီး) (Walter Thant)တို့၏ ညီမ၊ ဦးသန်းထွဋ်၊ ဦးကျော်ညွှန့်၊ Dr.ဦးမြင့်သိန်း၊ ဒေါ်ကြည်ကြည်၊ ဒေါ်စန်းစန်း၊ Dr.ဒေါ်နွယ်နွယ်တို့၏အစ်မ၊ ဦးဇော်မြင့်-ဒေါ်ယဉ်ယဉ်ထွေး၊ ဦးရင်ထွေး-ဒေါ်သန်းသန်းမြင့်တို့၏ မွေးသမိခင်၊ နောင်နောင်-ယုယုအောင်၊ ဒီဒီ၊ အောင်ရဲထွေး၊ ကျော်ရဲထွေးတို့၏ အဘွား၊ မိုးထက်နောင်၏ဘွားဘွားကြီး၊ (ဦးတင်မြင့်) (Reggie)၏ ဇနီး ဒေါ်ရီရီသည် ၂၉-၁၂-၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရီမြင့်ရပ်ရှင်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကြည် (ရွှေကျင်)
### အသက် (၉၂) နှစ်

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရွှေကျင်မြို့နေ(အဖ ဦးလွန်းမောင်-အမိ ဒေါ်စောတင်)တို့၏သား၊ ဦးသန်းစိုး(သသန-ငြိမ်း)၊ ဝရဒါဠာ ဓါတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ဝင် - ဒေါ်ယုယုခိုင် (လ-၄၊ လယ်/ အုပ် (ငြိမ်း) ရန်ကင်း)တို့၏ ဖခင်ကြီး အမှတ်(၃၇)၊ ညောင်တန်းလမ်း၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးကြည် (ရွှေကျင်) အသက်(၉၂)နှစ်သည် ၂၆-၁၂-၂၀၂၃(အင်္ဂါနေ့) နံနက် ၁ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**ဝရဒါဠာ ဓါတုစေတိယ စွယ်တော်မြတ်စေတီ(ရန်ကုန်)**

## ဦးဝင်းမြင့်
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်-၃၇(စီ)နေ (ဦးသောင်းမြင့်)-ဒေါ်အုန်းညွှန့်တို့၏သား၊ (ဦးဘထွေး-ဒေါ်ခင်မေမေ)တို့၏သားသမက်၊ ဒေါ်ခင်ထွေးငယ်၏ ခင်ပွန်း၊ မဆုပွင့်နှင်း၊ မဆုဝေဖူး(ခေတ္တ U.S.A)တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းထက်စံ(ခ)Dennis ၏အဘိုး၊ (ဒေါ်မြင့်မြင့်ကြူ)၊ ဒေါ်ကြည်ကြည်မာတို့၏မောင်၊ ဦးထွန်းထွန်းဇော်၊ ဒေါ်မြတ်မြတ်မွန်တို့၏ အစ်ကိုသည် ၂၈-၁၂-၂၀၂၃(ကြာသပတေးနေ့) ည ၁၁:၄၀ နာရီ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၂၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်-၃၇(စီ)၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ မြေကွက်အမှတ်(၃၀၂/က)၊ ဧရိယာ(၀.၀၃၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ထိုမြေပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ ၈၂/၃၃(၁၀)ရပ်ကွက်၊ ညောင်ဦး(၂)လမ်း၊ အမှတ်(၃၀၂)ရှိ အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်နေသူ **ဦးမောင်မောင်**ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ **အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ရင်သန်း၊ ဦးဘထွန်း၊ ဒေါ်စိုးဝေသက် တို့ထံမှ အဆင့်ဆင့်လွှဲပြောင်းဝယ်ယူထားသူ ဒေါ်ရီရီဝင်း[၁၂/သဃက(နိုင်)၀၁၃၀၉၉]**မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနုစိုး(LL.B,D.B.L,D.M.L)** — **ဒေါ်ခင်ခင်ဆွေ(LL.B,WIPO (Switzerland))** — **ဒေါ်အိအိပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)**
**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ လူနေရပ်ကွက်အမှတ် (၂၄)၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၇၁၈)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ (ဒုတိယထပ်) (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၁၃ x ၅၅)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးထွန်းထွန်းနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အဆိုပါ တိုက်ခန်းတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွှန့်ညွှန့်သန်း (LLB, DBL) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)**
**အမှတ် (၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-401526880, 09-260983331**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ၀ သစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မွေးမိုန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီးလေးစားမှု လျော့နည်းပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက်လာမည်ဖြစ်...**

❖ **အမျိုးသားရေးအားမာန် ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပြုလုပ်သော (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ


**ပဲခူးတိုင်းဒေသကြီးသို့ ဒီဇင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၈ သန်း တိုးတက်ဝင်ရောက်**
စာမျက်နှာ » ၄

**အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာအလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် လေကြောင်းနှင့် မြေပြင်ထိုးစစ်များ ပြင်းထန်စွာဆင်နွှဲလျက်ရှိ**
စာမျက်နှာ » ၁၃

**မြောက်ဦးမြို့ မြောင်းဘွေကျေးရွာအနီးဝန်းကျင်နှင့် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာကို တပ်မတော်က လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အရပ်သားများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ**
စာမျက်နှာ » ၁၅

**နှစ်သစ်ကူးအတွက် ခရီးသွားလာမှုများပြားသော အထင်ကရနေရာများမှ ဈေးအသင့်အတင့်ရှိဟိုတယ်များတွင် အခန်းများကြိုတင်မှာယူမှုပြည့်နေ**
စာမျက်နှာ » ၁၈




အာဆင်နယ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အိမ်ကွင်းအမ်းမရိတ်တွင် ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ပြီး အာဆင်နယ်အသင်း အမှတ်ပေးဇယားထိပ်ဦးဆောင်ခွင့်နှင့် လွဲခဲ့ရ

အာဆင်နယ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ဒီဇင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၉) မှာ အိမ်ကွင်းအမ်းမရိတ်မှာ ဧည့်ခံကစားခဲ့ရတဲ့ အာဆင်နယ်အသင်းဟာ ဧည့်သည်ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ပြန်လည်ဦးဆောင်ခွင့်ရရှိမယ့် အခွင့်အရေးနဲ့ လွဲခဲ့ရပါတယ်။

အဲဒီပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၃ မိနစ်မှာ ဆူဆက်ကတစ်ဂိုးနဲ့ ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်မှာ မက်ဗ်ရိုပါနော့စ်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ အာဆင်နယ်အသင်းကို သုံးဂိုးပြတ်နိုင်ပွဲရရှိမယ့်အခွင့်အရေးရရှိခဲ့ပေမယ့် သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ခြောက်မိနစ်မှာရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို ဘင်ရာမာအနေနဲ့ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တာကြောင့် အခွင့်အရေးတစ်ရပ်ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးတစ်ဂိုး **စာမျက်နှာ ၂၀ ကော်လံ ၁ သို့**❖



## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အာရှဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အောက်တိုဘာလက ယှဉ်ပြိုင်သည့် အာရှဖလား ခြေစစ်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားထားပြီး အာရှဖလားပြိုင်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ဇန်နဝါရီလတတိယပတ်တွင် စတင်ပြင်ဆင်မည်ဖြစ်ပြီး ဖေဖော်ဝါရီလတွင် နိုင်ငံတကာခြေစမ်းပွဲ သို့မဟုတ် ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားရောက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဖေဖော်ဝါရီလတွင် ခြေစမ်းပွဲကစားပြီးပါက လေ့ကျင့်မှု ပြန်လည်ရပ်နား **စာမျက်နှာ ၂၀ ကော်လံ ၃ သို့** ✻